# မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏သွယ်ဝိုက် ကုန်ကျစရိတ်များအကြောင်း ဆန်းစစ်လေ့လာချက်

## မြို့နယ်အဆင့် ဆန်းစစ်လေ့လာချက်












မတ်တ်ဒတ်စ်မွန်

ရွှေဝတ်မှုန်


(ဧပြီလ၊ ၂၀၁၉ ခုနှစ်)


Livelihoods and Food Security Fund

LIFT

UKaid from the British people · European Union · Australian Aid · Schweizerische Eidgenossenschaft, Confédération suisse, Confederazione Svizzera, Confederaziun svizra, Swiss Agency for Development and Cooperation SDC · USAID From the American People · Canada · Irish Aid, Rialtas na hÉireann, Government of Ireland

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ(LIFT)ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်း တင်အပ်ပါသည်။

## အသိပေးကြေငြာချက်

ဤဆန်းစစ်လေ့လာချက်ကို ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိုင်ယာလန်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စုတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသော အမြင်များသည် LIFT တွင် ထည့်ဝင်လှူဒါန်း ထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁-၆၅၇ ၂၈၀~၇၊ မရမ်းကုန်းမြို့၊ ရန်ကုန်
ဖက်စ် ။ ။ ၀၁-၆၅၇ ၂၇၉
အီးမေးလ် ။ ။ lift@unops.org
lift-fund.org |facebook.com/liftfund

# မာတိကာ


၁.၀ နောက်ခံအကျဉ်းချုပ်........ ၁

၂.၀ ဤစစ်တမ်းကောက်ယူမှု........ ၂

၃.၀ စစ်တမ်း၏ တွေ့ရှိချက်များ၊ နှိုင်းယှဉ်ချက်များနှင့် ဆန်းစစ် လေ့လာမှု........ ၃

၃.၁ အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်အချို့ကို ရရှိပါသလား။........ ၃

၃.၂ အရပ်ဘက်အဖွဲ့အစည်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များကိုမည်သူ့ထံမှ ရရှိနေကြသနည်း။........ ၃

၃.၃ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်များကို မည်မျှရရှိနေသနည်း။........ ၃

၃.၄ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်ဝင်ငွေကို မည်သို့ ကိုင်တွယ်နေသနည်း။........ ၄

၃.၅ အရပ်ဘက်အဖွဲ့အစည်းများတွင် အခြား စီမံကိန်းအတွက် မဟုတ်သည့် ရန်ပုံငွေ အရင်းအမြစ်များ ရှိပါသလား။........ ၄

၃.၆ အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်ကို မည်သို့ သုံးစွဲရန် ယာထားပါသနည်း။........ ၅

၃.၇ အရပ်ဘက်အဖွဲ့အစည်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များအား အသုံးပြုရန် မည်ကဲ့သို့ ဆုံးဖြတ်ကြသနည်း။
မည်သူက ဆုံးဖြတ်သနည်း။........ ၈

၃.၈ သွယ်ဝိုက်ကုန်ကျစရိတ်များသည် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တိုးတက်လာစေနိုင်သလား။........ ၈

၄.၀ အရပ်ဘက်အဖွဲ့အစည်းများ ကြီးထွားလာလျှင် သွယ်ဝိုက် ကုန်ကျစရိတ်များ မည်သို့ ဖြစ်သွား နိုင်သနည်း။........ ၉

နောက်ဆက်တွဲများ........ ၁၁

နောက်ဆက်တွဲ က - သွယ်ဝိုက်ကုန်ကျစရိတ်အပေါ် ရှင်းလင်းချက်........ ၁၁

နောက်ဆက်တွဲ ခ - သွယ်ဝိုက်ကုန်ကျစရိတ် စီမံသုံးစွဲမှု - ပေါ်လစီ/ နိုင်ငံတွင်း ငွေကြေးထောက်ပံ့မှု အသုံးပြုပုံ........ ၁၃

နောက်ဆက်တွဲ ဂ - ဆန်းစစ်လေ့လာချက် ပုံစံ........ ၁၇

# ၁.၀ နောက်ခံအကျဉ်းချုပ်

မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများကို ပထမဆုံးအနေဖြင့် အသေးစိတ် လေ့လာခြင်းကို ၂၀၀၃ ခုနှစ်က ပြုလုပ်ခဲ့ပါသည်။ ထိုလေ့လာမှုမှ မြန်မာနိုင်ငံအတွင်းတွင် အစိုးရ မဟုတ်သည့် ပြည်တွင်းအဖွဲ့အစည်းပေါင်း[၁] ၂၇၀ ခန့် ရှိသည်ဟု ခန့်မှန်းထားသည်။ ပထမဆုံးသော အစိုးရ မဟုတ်သည့် ပြည်တွင်းအဖွဲ့များ ပါဝင်သည့် လမ်းညွှန်စာအုပ်ကို ၂၀၀၃ခုနှစ်အလွန် နောက် တစ်နှစ်တွင် ထုတ်ဝေခဲ့ပြီး ရန်ကုန်မြို့တစ်မြို့ထဲ၌ပင်[၂] အစိုးရမဟုတ်သည့် ပြည်တွင်းအဖွဲ့အစည်း ပေါင်း ၆၀ ရှိကြောင်း စာရင်းပြုစုနိုင်ခဲ့သည်။

ထိုအရပ်ဘက်အဖွဲ့အစည်းအများစုသည် ဆိုရှယ်လစ်အုပ်ချုပ်မှုယန္တရား နှင့် ဆိုရှယ်လစ်ခေတ် ၁၉၆၂-၁၉၉၇ ကာလတို့၏ ထိတ်လန့်စရာကောင်းသော ထိန်းချုပ်မှုများကြားထဲမှ ပြန်လည်အသက်ဝင်လာခြင်း ဖြစ်သည်။ အချို့အဖွဲ့များသည်လည်း မြန်မာနိုင်ငံနှင့် ပြန်လည် ဆက်ဆံမှုပြုရမည်ဟူသော ဆုံးဖြတ်ချက်ရှိသည့် နိုင်ငံတကာအေဂျင်စီများ၏ ထောက်ပံ့မှုများဖြင့် ပေါ်ပေါက်လာကြခြင်း ဖြစ်သည်။ ထိုထောက်ပံ့မှုအများစုကို သံရုံး ရန်ပုံငွေများ၊ အခြားနိုင်ငံများမှ ခရစ်ယာန်ဘုရားကျောင်းများ၊ အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများမှ ရရှိကြခြင်း ဖြစ်သည်။ သံရုံးများသည် ထောက်ပံ့မှုများကို ၎င်းတို့သတ်မှတ်ထားသည့် လှုပ်ရှားမှုများအတွက်သာ အသုံးပြုသည်။ အဝေးရောက်ထောက်ပံ့သူများတွင်လည်း ငွေကြေးထောက်ပံ့မှုပေးရန် ကန့်သတ်မှုအမျိုးမျိုး ရှိသည်။

၂၀၀၀ခုနှစ် အစောပိုင်းတွင် ကုန်ကျစရိတ် မများပြားသလို၊ မျှော်လင့်ချက်များလည်း နည်းပါးသည်။ ထောက်ပံ့မှုအများစုသည် နိုင်ငံတကာအေဂျင်စီများ၏ အကန့်အသတ်မရှိသော ရန်ပုံငွေများ[၃]မှ ဝင်ရောက်လာခြင်း ဖြစ်သည်။ စောင့်ကြည့်စစ်ဆေးမှုများလည်း အလွန်အမင်း တင်းကြပ်မှုမရှိဘဲ၊ ပြေပြေလည်လည်ရှိသည်။ အဖွဲ့အစည်းများနှင့်ဆိုင်သော ထောက်ပံ့မှုများမှာမူ သတ်သတ်မှတ်မှတ် မရှိပေ။

၂၀၀၈ ခုနှစ်တွင်၊ နာဂစ်မုန်တိုင်းဒဏ်အား ကုစားသည့် ပြည်သူများ၏ တုန့်ပြန်မှုကြောင့် ကယ်ဆယ်ရေးနှင့် ဝန်ဆောင်မှုပေးသော အစိုးရမဟုတ်သည့် အုပ်စုများ၊ အဖွဲ့အစည်းများ အဆမတန် တိုးပွားလာပါသည်။ ထိုတိုးပွားလာမှုသည် ရှိရင်းစွဲ အဖွဲ့အစည်း အရေအတွက်ကိုပင် ပခုံးချင်း ယှဉ်နိုင်လာခဲ့သည်။ ထို့အတူပင် ပြည်တွင်း၊ ပြည်ပ အေဂျင်စီများအကြားလည်း အပြန်အလှန်ဆက်ဆံမှု ပိုမို များပြားလာခဲ့သည်။ ပြည်တွင်းအဖွဲ့အစည်းများထဲတွင်လည်း ထိုကဲ့သို့ တစ်ထိုင်ကူ ညီမှု၊ စီမံကိန်း ထောက်ပံ့ငွေများကို ကျော်လွန်၍ ကိုယ်ထူ၊ ကိုယ်ထ ရေရှည်ကြာမြင့်စွာ ရပ်တည်နိုင်ပါ့မလားဟူသော မေးခွန်းများ မေးမြန်းလာကြသည်။

အလွန်ရှားပါးသော အခြေအနေတစ်ချို့[၄]မှလွဲ၍ ငွေကြေးထောက်ပံ့သူများသည် နိုင်ငံတကာ အဖွဲ့အစည်းများ ကြားခံ၍ အရပ်ဘက် အဖွဲ့အစည်းများနှင့် တဆင့်ခံ စာချုပ်များချုပ်ဆိုကာ အလုပ်လုပ်ခြင်းအားဖြင့် ယင်းတို့ကြားရှိ အပြန်အလှန်ဆက်ဆံရေးများ ပိုမိုတိုးတက်လာခဲ့သည်။ ရပ်ရွာလူထုအတွင်း လှုပ်ရှားနေသော အရပ်ဘက်အဖွဲ့အစည်းများအနေ ဖြင့်လည်း (အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သည့်) ကြားခံအဖွဲ့အစည်းများ သည် အလှူရှင်များထံမှ ရရှိသော သွယ်ဝိုက်ကုန်ကျစရိတ်များဖြင့် အဖွဲ့အစည်း ရပ်တည်မှုကို တနည်းတဖုံ ရေရှည်တည်တံ့အောင် လုပ်ဆောင်နေနိုင်ခြင်း ဖြစ်ကြောင်း သဘောပေါက်လာကြသည်။

ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့်ရော ၎င်းတို့၏စီမံကိန်းများ၊ အဖွဲ့ဝင်များကို စီမံကိန်းကာလထက်ကျော်လွန်၍ ထိန်းသိမ်းထောက်ပံ့နိုင်ရန် သွယ်ဝိုက် ကုန်ကျစရိတ်များ မရသင့်ဘူးလား။ ဤမေးခွန်းကို ဖြေဆိုနိုင်ရန် ပထမဦးဆုံးသော အရပ်ဘက်အဖွဲ့အစည်းရှိ ခေါင်းဆောင်များ တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပခဲ့ပါသည်။ အရပ်ဘက် အဖွဲ့အစည်းများရှိ ခေါင်းဆောင်များမှ အလှူရှင်များနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ငွေကြေး အထောက်ပံ့ပြုသူများကို တောင်းဆိုခဲ့သည်မှာ မည်သည့်စီမံချက်/ စီမံကိန်းတွင်မဆို မိတ်ဖက် အဖွဲ့အစည်းများအားလုံးမှ သွယ်ဝိုက် ကုန်ကျစရိတ်ကို ဝေမျှရယူနိုင်ရမည်ဟူ၍ ဖြစ်သည်။ သို့သော် တိုးတက်မှုမှာ နှေးကွေးလွန်းသည်။ [၅] ၂၀၁၄ခုနှစ် ရောက်သည့်အချိန်တွင် သွယ်ဝိုက် ကုန်ကျစရိတ်ပေါ်လစီကို မြန်မာနိုင်ငံရှိ ပထမဆုံးသော ပြည်တွင်းအဖွဲ့အစည်းတစ်ခုမှ စတင် လက်ခံ၊ ကျင့်သုံးရေးစွဲခဲ့ရာ အခြားအဖွဲ့များလည်း ဆက်လက် ကျင့်သုံးလာကြသည်။ ထိုသို့ဖြင့် အလှူရှင်များ၊ ငွေကြေးထောက်အပံ့ပေးသူများအတွက်လည်း ပြည်တွင်းအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုရာတွင် ယင်းကို စံတစ်ခုအဖြစ် သတ်မှတ်လာခဲ့ကြသည်။


အရပ်ဘက်အဖွဲ့အစည်းများသည် အလယ်အလတ်-သက်တမ်းရှိ စီမံကိန်းရည်ရွယ်ချက်နှင့် အဖွဲ့အစည်း၏ မစ်ရှင်တို့ဖြင့် ရပ်တည်မှု အသားကျလာသည်နှင့်အမျှ သွယ်ဝိုက်ကုန်ကျစရိတ်ကို ကျခံရမည့် စိန်ခေါ်မှုများသည် မန်နေဂျာများ၏ ခေါင်းထဲတွင် တဝဲလည်လည် ရှိနေခဲ့သည်။ ရံဖန်ရံခါ ထိုစိန်ခေါ်မှုသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ အလှူရှင်များ၊ ငွေကြေး အထောက်အပံ့ပေးသူများအကြား ဆက်ဆံရေးကို ပြန်လည် ပုံဖော်လျက်ရှိသည်။

---

၁။ ဤစာအုပ်တွင် အရပ်ဘက်အဖွဲ့အစည်းဟူသော စကားလုံးကို အဖွဲ့အစည်း၏ အရွယ်အစား၊ အနေအထား သို့မဟုတ် ၎င်းတို့၏ နိုင်ငံအနှံ့ရောက်ရှိမှုပေါ် မူမတည်ဘဲ ပြည်တွင်းအဖွဲ့အစည်းများ အားလုံးအတွက် ရည်ရွယ် အသုံးပြုထားပါသည်။
၂။ အချို့အဖွဲ့များသည် ၎င်းတို့၏တည်ရှိမှုကို လူအများအား မသိစေလိုပါ။
၃။ စကားလုံးအသုံးအနှုန်း/အခေါ်အဝေါ်အတွက် မှတ်ချက်များကို နောက်ဆက်တွဲ 'က' တွင် ဖော်ပြထားသည်။
၄။ ၂၀၀၈ခုနှစ်တွင် ပထမဦးဆုံး (နှင့် တစ်ခုတည်း)သော အရပ်ဘက်အဖွဲ့အစည်းတစ်ခုသည် ၎င်းတို့၏ခေါင်းဆောင်မှု အပိုင်းမှ စိတ်ကြိုက်လျာထားအသုံးချနိုင်သည့် ပင်မအလှူငွေ (Core funding)ကို ၎င်းတို့၏ နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းထံမှ ငါးနှစ်တိတိ ရရှိခဲ့သည်။
၅။ မေလ ၂၀၁၈ခုနှစ်တွင်၊ အလှူရှင်များမှ ပထမဆုံးအကြိမ် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား မညီမျှမှုကို အသိအမှတ်ပြုလာပြီး အရပ်ဘက်အဖွဲ့အစည်းများ ရေရှည် ရှင်သန်ရေးအတွက် သွယ်ဝိုက်ကုန်ကျစရိတ်များအား ပမာဏတစ်ခု ကျခံပေးခြင်းသည် လိုအပ်ချက် တစ်ရပ် အဖြစ်သတ်မှတ်လာကြသည်။ ယင်းကြောင့် အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများကို အထွေထွေစရိတ်များအတွက် မျှဝေပေးရန်မှာ လိုအပ်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ CPG ၁၈ မေလ၊ ၂၀၁၈။

၂၀၁၅ ခုနှစ်တွင် ပြန်လည်ပြင်ဆင်သော LIFT[၆]၏ လုပ်ငန်းလမ်းညွှန်အရ "IP များက ထပ်ဆင့် ပူးတွဲဆောင်ရွက်သည့် အဖွဲ့များ ဖြစ်လျှင် သွယ်ဝိုက်စရိတ်များကို ယင်းအဖွဲ့များမှ မျှဝေသုံးစွဲရ ပါမည်။ အဖွဲ့တစ်ခုချင်းမှ သုံးစွဲခွင့်ရသည့် ဘတ်ဂျက်၏ ၆% မျှသာ ဖြစ်စေ ရပါမည်။" ဟု ကြေညာထားသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင်၊ LIFT ၏ရန်ပုံငွေထောက်ပံ့မှုနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီပေးမှုတို့ဖြင့် မြို့နယ်အခြေပြု အသေးစားငွေကြေးထောက်ပံ့မှု ရန်ပုံငွေ သုံးခုကို စတင်ခဲ့သည်။




မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အတော်များများသော အရပ်ဘက်အဖွဲ့ အစည်းငယ်များ မှ ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်များကို စတင်ရရှိလာကြသည်။ ဤသို့အားဖြင့် အရပ်ဘက်အဖွဲ့ အစည်းများမှ ထိုဝင်ငွေကို မည်သို့ သုံးစွဲရန် လျာထားပုံ၊ ထိုကန့်သတ်ထားခြင်းမရှိသော ဝင်ငွေကို သုံးစွဲရာတွင် သူတို့၏ ဦးစားပေးမှု အစီအစဉ်များနှင့် အလှူရှင် အဖွဲ့အစည်း များ၏ ငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာ အလေ့အကျင့်ပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိသည်တို့ကို လေ့လာရန် အခွင့်အရေးတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

# ၂.၀ ဤစစ်တမ်းကောက်ယူမှု

ဤစစ်တမ်းကောက်ယူမှုဖြင့် အဓိကမေးခွန်း[၇] ၃ ခုကို ဖြေရန် ကြိုးစားထားသည်။

➢ အရပ်ဘက်အဖွဲ့အစည်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များ (နှင့် အခြားသော စီမံကိန်း အသုံးစရိတ် မဟုတ်သော ရန်ပုံငွေများ) ကို မည်သည့်နေရာတွင် သုံးစွဲရန်လျာထားပါသနည်း။

*အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကိုယ်ပိုင် အကန့်အသတ်မရှိသော ထောက်ပံ့ငွေ (သို့မဟုတ် ပင်မကုန်ကျစရိတ်များ) အတွက် ပေါ်လစီ ရှိသင့်သည်ဟု ထင်ပါသလား (ရှိရန်လိုအပ်သည်ဟု ထင်ပါသလား)။*

➢ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ထိုသို့စီမံသုံးစွဲလျာထားရန် ဆုံးဖြတ်ချက်အား မည်ကဲ့သို့သော လမ်းစဉ်များကို အသုံးပြု၍ ချမှတ်ပါသနည်း။

*သွယ်ဝိုက်ကုန်ကျစရိတ်များသည် အရပ်ဘက်အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ တာဝန်ခံမှု သို့မဟုတ် ဘဏ္ဍာရေးစီစဉ်မှုတို့တွင် ထပ်ပေါင်း အားကောင်းစေသော တန်ဖိုးတစ်ခု ဖြစ်ပါသလား။*

➢ ဤစီမံသုံးစွဲရန် ဆုံးဖြတ်ချက်၊ လမ်းစဉ်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အကြား အလားအလာရှိသော ပတ်သက်ဆက်စပ်မှုများ ရှိနိုင်ပါသလား။

*စွမ်းဆောင်ရည် တိုးတက်လာမှုသည် သွယ်ဝိုက်ကုန်ကျစရိတ်များကို လက်ခံရရှိခြင်း နှင့် စီမံဆောင်ရွက်ခြင်း၏ တိုက်ရိုက်အကျိုးဆက်လား။*

၆။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ
၇။ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်ဖော်ပြချက် (LIFT စက်တင်ဘာလ၊ ၂၀၁၇)

နောက်ဆက်တွဲမေးခွန်း ငါးခုလည်း စစ်တမ်းတွင် ပါဝင်ပါသည်။

ဤအစီရင်ခံစာသည် အဆိုပါ ရန်ပုံငွေ သုံးခုမှ ပံ့ပိုးပေးသော ငွေကြေးအထောက်အပံ့အား ရရှိထားသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးမေးမြန်းမှုပေါင်း ၁၂၂ ခုမှ တွေ့ရှိချက်များ ဖြစ်သည်။ ထိုအရပ်ဘက်အဖွဲ့အစည်းများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသနှင့် တောင်တန်းဒေသများမှ မြို့နယ်ပေါင်း ၃၂ မြို့နယ်ကို ဖြန့်ကျက်လွှမ်းခြုံထားပါသည်။ ဆွေးနွေးမေးမြန်းမှုများကို ရန်ပုံငွေအသီးသီး၏ မြို့နယ်အဆင့် ကွင်းဆင်းလှုပ်ရှား နေကြသော အဖွဲ့များမှ ဆွေးနွေးမေးမြန်းခဲ့ကြခြင်းဖြစ်သည်။ ၃၆ဖွဲ့ဖြင့် ကနဦး အစမ်းလေ့လာမှု တစ်ခုကို ၂၀၁၈ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပြီး ကျန် အရပ်ဘက်အဖွဲ့အစည်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဆွေးနွေးမေးမြန်းခဲ့ခြင်း ဖြစ်သည်။

မတ်တ်နှင့် ရွှေသည် ဆန်းစစ်လေ့လာချက်ကို ဒီဇိုင်းဆွဲကာ စမ်းသပ်ထားသည်။ ဆွေးနွေးမှုများ မပြုလုပ်မီ၌လည်း ကွင်းဆင်းလှုပ်ရှားနေသော အဖွဲ့များနှင့် စစ်တမ်းအား အကျွမ်းတဝင်ရှိစေရန် နေ့ဝက် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသေးသည်။

# ၃.၀ စစ်တမ်း၏ တွေ့ရှိချက်များ၊ နှိုင်းယှဉ်ချက်များနှင့် ဆန်းစစ်လေ့လာမှု

၃.၁။ အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်အချို့ကို ရရှိပါသလား။

အရပ်ဘက်အဖွဲ့အစည်းများအားလုံးမှ ရန်ပုံငွေအလှူရှင်များ သတ်မှတ်ထားသော သွယ်ဝိုက် ကုန်ကျစရိတ် ၆% အား ရရှိသည်ဟု အစီရင်ခံသည်။

မြန်မာနိုင်ငံရှိ အချို့သော ငွေကြေးအထောက်အပံ့ပေးသူများသည် အလှူရှင်များ၏ လိုအပ်ချက်ကို ကျော်လွန်၍ သွယ်ဝိုက် ကုန်ကျစရိတ်များအား ဝေမျှပေးခြင်းနှင့် သက်ဆိုင်သည့် အဖွဲ့အစည်း ပေါ်လစီများ ချမှတ်ထားတတ်ကြသည်။ အခြားအဖွဲ့အစည်းများမှာမူ ယင်းစရိတ်များ ကို ငွေကြေး အထောက်အပံ့ရရှိသူဘက်မှ တောင်းခံလာမှသာ အသိအမှတ်ပြု ပေးလေ့ရှိသည်။

ဤဆန်းစစ်လေ့လာချက်တွင် သွယ်ဝိုက်ကုန်ကျစရိတ်များ ပြန်လည်ရရှိသည့်အခါ ကွဲပြားခြားနားသည့် အခြေအနေများကို တွေ့ရှိခဲ့ရပါသည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်းမှာ ရန်ပုံငွေကို စေ့စပ်ညှိနှိုင်း ပေးသည့် အစိုးရမဟုတ်သည့် အဖွဲ့များ၏ ကွဲပြားခြားနားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပါသည်။ ငွေကြေးအထောက်အပံ့ရရှိသူ အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ စီမံကိန်း ကုန်ကျစရိတ်များ၏ အရည်အချင်း ပြည့်မီမှုများကို အပြည့်အဝ တာဝန်ယူမှုအား သေချာစေရန် အမှန်တကယ် အသုံးစရိတ်များ စစ်ဆေးအတည်ပြုပြီးချိန်ထိ ရန်ပုံငွေ အရစ်ကျ ပေးအပ်ချိန်များတွင် ရာခိုင်နှုန်းအချို့ကို အလှူရှင်အဖွဲ့အစည်းများဘက်မှ ထုတ်မပေးဘဲ ဆုပ်ကိုင်ထားတတ်ကြသည်။

၃.၂။ အရပ်ဘက်အဖွဲ့အစည်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များကိုမည်သူ့ထံမှ ရရှိနေကြသနည်း။

စစ်တမ်းတွင်ပါဝင်သော အရပ်ဘက်အဖွဲ့အစည်း အားလုံးနီးပါးအတွက် ဤရန်ပုံငွေသည်သာ ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်များ အတွက် တစ်ခုတည်းသော အရင်းအမြစ် ဖြစ်သည်။အရပ်ဘက် အဖွဲ့အစည်း ၆ခုတွင် အခြား ရန်ပုံငွေလမ်းကြောင်းလည်း ရှိသော်လည်း (သွယ်ဝိုက်ကုန်ကျစရိတ် ၁၀%) ရရှိသော အဖွဲ့မှာ ယင်း ၆ဖွဲ့အနက် တစ်ဖွဲ့သာ ရှိသည်။

၃.၃။ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်များကို မည်မျှရရှိနေသနည်း။

၂၀၁၈ ခုနှစ်တွင် (ခန့်မှန်းခြေ အားဖြင့်) သွယ်ဝိုက်ကုန်ကျစရိတ် ရရှိမှုပမာဏ ပျမ်းမျှမှာ မြန်မာငွေကျပ် တစ်ဆယ့် နှစ်သိန်းစွန်းစွန်း[၈]လေး ဖြစ်သည်။ သွယ်ဝိုက်ကုန်ကျစရိတ်များသည် မြန်မာငွေကျပ် တစ်သိန်း လေးသောင်း မှ သုံးဆယ့် ရှစ်သိန်း အတွင်း ရှိတတ်ပြီး အမြင့်ဆုံး ရရှိနေသော အရပ်ဘက်အဖွဲ့အစည်း ၂ခုတွင် မြန်မာငွေကျပ် သိန်းငါးဆယ်ကျော် ရရှိနေသည်ကို တွေ့ရပါသည်။

ဤသို့ ခြားနားချက် ကြီးမားနေသည့် အချက်ကို ရန်ပုံငွေဆိုင်ရာ သတင်းအချက်အလက်များဖြင့် အပြန်အလှန် စစ်ဆေးအတည်ပြုခဲ့ပါသည်။ ယခုစစ်တမ်းတွင် မြို့နယ်၏ အခြေအနေများ၊ ရန်ပုံငွေ သုံးခု၏ ဦးတည် ချက်များ နှင့် ရန်ပုံငွေ အရွယ်အစား ခြားနားပုံတို့ကို အတိအကျ ရောင်ပြန်ဟပ်ပြထားပါသည်။

ဤလေ့လာမှုတွင် အခြားသော စီမံကိန်း အသုံးစရိတ် မဟုတ်သည့် ရန်ပုံငွေ အရင်းအမြစ်များကို အသေးစိတ် တွက်ချက်ထားမှုများ မပါဝင်ပါ။ မည်သို့ပင် ဆိုစေကာမူ အရပ်ဘက်အဖွဲ့အစည်း အားလုံးသည် ပြန်လည်ရရှိသော သွယ်ဝိုက်ကုန်ကျစရိတ်များထက်

၈။ ၁ ၂၂၃ ၆၃၆ မြန်မာကျပ်

အနည်းငယ်သော အကန့်အသတ်မရှိသည့် ဝင်ငွေများ အကြောင်းကိုသာ တင်ပြခဲ့ကြပါသည်။

မှတ်ချက်။ အရပ်ဘက်အဖွဲ့အစည်းများသည် ရန်ပုံငွေ စတင်ရရှိချိန်တွင် ၎င်းတို့၏ စုစုပေါင်း သွယ်ဝိုက်ကုန်ကျစရိတ်ကို အသုံးပြုရန်အတွက် ဒီဇိုင်းဆွဲရန်၊ ပုံစံချပြရန်မှာ မဖြစ်နိုင်ပါ။ မကြာခဏ ဆိုသလိုပင် သွယ်ဝိုက်ကုန်ကျစရိတ်များနေရာတွင် မလုံလောက်သော ဘတ်ဂျက်အစီအမံ၊ ဝန်ထမ်းများမှ စေတနာအလျောက် ထောက်ပံ့ငွေထည့်ဝင်ခြင်း၊ သို့မဟုတ် အလုပ်မရှိသော/ စီမံချက်မရှိသော ကာလတို့ဖြင့်သာ ပြည့်နက်လျက် ရှိသည်။ ထို့ကြောင့် အရပ်ဘက်အဖွဲ့အစည်း များသည် အနာဂတ်ရန်ပုံငွေအတွက် မရေမရာဖြစ်နေချိန်တွင် သွယ်ဝိုက်ကုန်ကျစရိတ်ကို သုံးစွဲရန် အတိအကျ တွက်ချက်ပုံစံချခြင်းကို အကျိုးမရှိသော လေ့ကျင့်ခန်းတစ်ခုဟု မြင်ကြသည်။ သွယ်ဝိုက်ကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အထွေထွေကုန်ကျစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ထားရှိငွေသည် လှူမည့်သူအပေါ်တွင် မူတည်သည်။ အရင်းအမြစ် (ရန်ပုံငွေ) ရှိလျှင် ဆောင်ရွက်လုပ်ကိုင်မည်။ အရင်းအမြစ် (ရန်ပုံငွေ) မရှိလျှင် ဆောင်ရွက် လုပ်ကိုင်ခြင်းရှိမည် မဟုတ်ပါ။

၃.၄။ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်ဝင်ငွေကို မည်သို့ ကိုင်တွယ်နေသနည်း။

| ဤသွယ်ဝိုက်ကုန်ကျစရိတ်များကို သင်၏ စီမံကိန်းရန်ပုံငွေများမှ ခွဲခြားထားပါသလား။ | | | |
|---|---|---|---|
| | ခွဲခြားခြင်းဖြင့် | | |
| စီမံကိန်းရန်ပုံငွေများနှင့် အတူ ထားသည်[၉] | ဘဏ်စာရင်းခွဲခြားထားသည် | ငွေစာရင်းခွဲခြားထားသည် | မီးခံသတ္တာသီးသန့်၊ ငွေသေတ္တာ သီးသန့်စီ ထားသည် |
| ၅၂ | ၂၄ | ၃၇ | ၁၆ |

ဤလေ့လာမှုတွင်ပါဝင်သော အရပ်ဘက်အဖွဲ့အစည်းများအတွက် အထွေထွေကုန်ကျ စရိတ်များကို ရရှိခြင်းသည် ၎င်းတို့အတွက်ပထမဆုံး အတွေ့အကြုံ ဖြစ်သော်လည်း ယင်းအဖွဲ့ အစည်းအများစုသည် ထိုဝင်ငွေကို ချက်ချင်းဆိုသလိုပင် ဝန်းရံ၊ ကာကွယ်ခဲ့ကြသည်။ ၎င်းတို့အနက် တစ်ဆယ့်နှစ်ဖွဲ့သည် ခွဲခြား၍သုံးစွဲသည့် လုပ်ထုံးလုပ်နည်း ၂ ခုကို အသုံးပြုနေသည်။ ဥပမာ - ငွေစာရင်းသီးသန့်ထားခြင်းနှင့် ဘဏ်စာရင်းခွဲခြားထားခြင်းတို့ ဖြစ်သည်။

တစ်ချိန်တည်းတွင် ၎င်းအရပ်ဘက်အဖွဲ့အစည်းများအနက် အများစု (၄၂%)သည် စီမံကိန်းရန်ပုံငွေနှင့် စီမံကိန်းနှင့် မသက်ဆိုင်သည့် ရန်ပုံငွေများ[၁၀] အကြား ကွဲပြားကွာဟချက်ကို သတ်မှတ်ထားခြင်း မရှိပေ။ ရန်ပုံငွေ စီမံခန့်ခွဲသည့် အဖွဲ့များနှင့် နောက်ဆက်တွဲ ဆွေးနွေးမေးမြန်းမှုများမှ ကြားသိရသည့် ဖြစ်နိုင်ခြေများမှာ-

- အရပ်ဘက်အဖွဲ့အစည်း အများစုသည် စီမံကိန်းအတွက် မဟုတ်သည့် ရန်ပုံငွေများ ရရှိဖူးခြင်း၊ စီမံခန့်ခွဲဖူးခြင်း စသည့် အတွေ့အကြုံများ ယခင်က မရှိပါ။
- အရပ်ဘက်အဖွဲ့အစည်းများ (သို့မဟုတ် ရန်ပုံငွေ စီမံခန့်ခွဲသည့် အဖွဲ့များ ကိုယ်တိုင်က) ကွဲပြား ခြားနားချက်ကို ရှင်ရှင်းလင်းလင်း သဘောပေါက်နေခြင်း မရှိပေ။
- ရန်ပုံငွေ စီမံခန့်ခွဲသည့် အဖွဲ့များမှ အကျုံးမဝင်သည့် စရိတ်များကို အကာအကွယ် ဖြစ်စေရန် ရန်ပုံငွေ အရစ်ကျ ချပေးချိန်တွင် ရာခိုင်နှုန်း တစ်ခုကို ထုတ်မပေးဘဲ ဆုပ်ကိုင်ထားသည့်အခါ အရပ်ဘက်အဖွဲ့အစည်းများအတွက် ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်များကို စီမံကိန်းတွင် လိုငွေပြသည့်အခါ သုံးစွဲရန် ဖြစ်သွားလေသည်။

ဤသည်မှာ ကွင်းဆင်းလေ့လာသူများမှ နောက်ဆက်တွဲ လေ့လာရန်လိုအပ်မည်ဟု အကြံဉာဏ် ပေးထားသော အရာတစ်ခု ဖြစ်သည်။ (စာပိုဒ် ၄.၆ c တွင်လည်း ရည်ညွှန်းထားသည်။)

၃.၅။ အရပ်ဘက်အဖွဲ့အစည်းများတွင် အခြား စီမံကိန်းအတွက် မဟုတ်သည့် ရန်ပုံငွေ အရင်းအမြစ်များ ရှိပါသလား။

| ၂၀၁၇/၁၈ တွင် သင်၏ အရပ်ဘက်အဖွဲ့အစည်းသည် အခြား မည်သည့် စီမံကိန်းနှင့်မသက်ဆိုင်သော ရန်ပုံငွေများ ရရှိခဲ့ပါသနည်း။[၁၁] | |
|---|---|
| စီမံကိန်းအတွက် မဟုတ်သည့် ရန်ပုံငွေများ မရှိပါ။ | ၇၅ |
| ဘဏ်တိုး | ၁၄ |
| *ဝန်ထမ်းထည့်ဝင်ငွေ (အသင်းအဖွဲ့ဝင်များ၊ အကျိုးခံစားခွင့်ရှိသူများ အပါအဝင်)* | ၂၀ |
| အလှူငွေ | ၁၆ |

၉။ အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် သီးခြားဖြစ်နိုင်ချေများမှ တစ်ခုကိုသာ သတ်မှတ်လိုက်လျှင် အဖြေများသည် အကျုံးမဝင်နိုင်ပါ။
၁၀။ စီမံကိန်းနှင့် မသက်ဆိုင်သည့် ရန်ပုံငွေဆိုသည်မှာ နိုင်ငံတကာအဖွဲ့အစည်းများပြောနေသည့် "အကန့်အသတ် မရှိသောဝင်ငွေ" ကို ဆိုလိုခြင်းဖြစ်သည်။
၁၁။ အရပ်ဘက်အဖွဲ့အစည်းမှ ဖြေကြားသူများသည် ကျွန်ုပ်တို့ ဆန်းစစ်လေ့လာချက်ပုံစံတွင် ပေးထားသည့် အချက်အလက်များနှင့် အမျိုးအမည်များထက် ပို၍ဖြေကြားသည့်အခါ စာလုံးစောင်းဖြင့် ပြထားသည်။

| | |
|---|---|
| သင်တန်းကြေး၊ အတိုင်ပင်ခံ/အကြံပေးလုပ်ငန်းများမှရရှိငွေ | ၃ |
| ထုတ်ကုန်ရောင်းငွေ *(စက်ချုပ်၊ ဆပ်ပြာ အစရှိသည်)* | ၁၃ |
| ပစ္စည်းကိရိယာ ငှားရမ်းမှုမှ ရငွေ | ၅ |
| အခန်းများ ငှားရမ်းခြင်းမှ ရငွေ | ၅ |
| လူထုကြားတွင်ပေးသော အသေးစားချေးငွေ၊ လှည့်ပတ်ရန်ပုံငွေတို့မှ ရရှိသော အတိုးနှုန်း ... *(ဒဏ်ငွေ)* | ၆ |

အရပ်ဘက်အဖွဲ့အစည်း ၆၀ ရာခိုင်နှုန်းကျော်အတွက် ဤ အသေးစားရန်ပုံငွေမှ ရရှိသည့် သွယ်ဝိုက်ကုန်ကျစရိတ်များသည် သူတို့၏ တစ်ခုတည်းသော စီမံကိန်းနှင့်မသက်ဆိုင်သည့် ရန်ပုံငွေ အရင်းအမြစ် ဖြစ်သည်။ အဖွဲ့ ၃ဖွဲ့မှာမူ အခြားသော ရန်ပုံငွေများမှ သွယ်ဝိုက်ကုန်ကျစရိတ်များ ရရှိနေခြင်း ရှိပါသည်။

ကျန်ရှိနေသည့် အဖွဲ့အစည်း ၄၀%အတွက် အထက်ပါ ဇယားကွက်သည် သူတို့၏ စီမံကိန်းနှင့်မသက်ဆိုင် သည့် ရန်ပုံငွေများ၏ အရင်းအမြစ်ကို ပြပါသည်။ ၎င်းအရပ်ဘက်အဖွဲ့အစည်းများ အားလုံးအတွက် သွယ်ဝိုက်ကုန်ကျစရိတ်များသည် ပမာဏအလွန်နည်းပါးသော်လည်း ၎င်းတို့အတွက် ပင်မ ဝင်ငွေအရင်း အမြစ် တစ်ခုဖြစ်နေပေသည်။

ဤမြို့နယ်အဆင့်ဆန်းစစ်လေ့လာချက်တွင် သိသာထင်ရှားသည့် တွေ့ရှိချက်တစ်ခုမှာ အနည်းငယ်သော အဖွဲ့များ (၁၆%)သည် သူတို့၏ အဖွဲ့အစည်းနှင့် လုပ်ငန်းအစီအစဉ်များ ရေရှည်တည်တံ့နိုင်စေရန် ဝန်ထမ်းများ၏ ထည့်ဝင်ငွေကို အသုံးပြုလျှက် ရှိသည်။ ၂၀၁၇ ခုနှစ် ပြည်နယ်နှင့် တိုင်းအဆင့်ရှိ အရပ်ဘက်အဖွဲ့အစည်းများအား လေ့လာမှုစာတမ်းအရ စီမံကိန်းနှင့်မသက်ဆိုင်သော ဝင်ငွေ၏ သုံးပုံနှစ်ပုံသည် ဝန်ထမ်းများ၏ ထည့်ဝင်လှူဒါန်းငွေမှ လာခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဖြစ်နိုင်ချေရှိသည့် အကြောင်းရင်းအချို့ လုပ်ငန်းခွင်တွင် ရှိပါသည်။

- ➢ မြို့နယ်အဆင့် အရပ်ဘက်အဖွဲ့အစည်းများတွင် စေတနာ့ဝန်ထမ်းစိတ်ဓါတ်ကို အခြေခံသော ယဉ်ကျေးမှု ထွန်းကားပါသည်။ သူတို့အတွက် သတ်မှတ်ထားသည့်လစာများမှာ များစွာနည်းပါသည်။
- ➢ "စီမံကိန်း ဝန်ထမ်းများ"အတွက်ကုန်ကျစရိတ်များ လျော့နည်းနေခြင်းကြောင့်၎င်းတို့ ဆန္ဒအလျောက် လစာမှ ဖြတ်တောက်ရန်မှာ ကတ်ကတ်သပ်သပ် စဉ်းစားရသည်အထိ ဖြစ်လာရသည်။
- ➢ ဆန်းစစ်လေ့လာချက်ပါ ရန်ပုံငွေများသည် စီမံကိန်း အသုံးစရိတ်များအတွက် ပံ့ပိုးပေးရာတွင် သိသိသာသာ လိုက်လျောညီထွေစွာ ထည့်သွင်းစဉ်းစားပေးပါသည်။

၃.၆။ အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်ကို မည်သို့ သုံးစွဲရန် ယာထားပါသနည်း။

| | သင်၏ အရပ်ဘက်အဖွဲ့အစည်းသည် သွယ်ဝိုက်ကုန်ကျစရိတ်များကို မည်သို့ အသုံးပြုသနည်း။ ဦးစားပေးမှုများ (တစ်ခုထက်ပိုနိုင်သည်။)[၁၁] | |
|---|---|---|
| က | အရန် ရန်ပုံငွေအဖြစ်ထားသည်။ | ၃၅ |
| ခ | စီမံခန့်ခွဲရေးကော်မတီအသုံးစရိတ်အဖြစ် ထားသည်။ | ၂၄ |
| ဂ | စီမံကိန်းပြင်ပရှိ ဝန်ထမ်းများ၊ အဖွဲ့ဝင်များ၏ လစာ၊ ဉာဏ်ပူဇော်ကြေး | ၂၉ |
| ဃ | အဆောက်အဦ/ ပိုင်ဆိုင်မှုအတွက် အသုံးစရိတ်<br>*(ဥပမာ - ပရိဘောဂ၊ IT ပစ္စည်းကိရိယာ၊ စီးနင်းယာဥ်အတွက် ကုန်ကျငွေ)* | ၄၃ |
| င | စီမံကိန်းအတွင်း ဘတ်ဂျက်ထည့်သွင်းရေးဆွဲခဲ့ခြင်းမရှိသော ကုန်ကျစရိတ်များ *(အဓိကအားဖြင့် သယ်ယူပို့ဆောင်ရေး၊ လောင်စာဆီ)* | ၆၃ |
| စ | အလှူငွေများ *(အစိုးရစီမံကိန်းများ၊ ပြည်သူ့ မေတ္တာရပ်ခံချက်၊ လူငယ်လူရွယ်၊ လူ့အသိုင်းအဝိုင်း အစရှိသည်)* | ၂၅ |
| ဆ | အလျင်လိုသည့် မည်သည့်အရာပေါ်တွင်မဆို သုံးစွဲခြင်း *(အဓိကအားဖြင့် ရုံးခန်းငှားရမ်းခ၊ လျှပ်စစ်၊ အရေးပေါ် ခရီးသွားလာစရိတ်)* | ၃၉ |
| ဇ | အလှူရှင်မှ တခါတရံ သွယ်ဝိုက်ကုန်ကျစရိတ်များကို မည်သို့သုံးစွဲရမည်ဆိုသည်ကို ပြောသည်။ | ၂၉ |
| ဈ | သွယ်ဝိုက်ကုန်ကျစရိတ်များကို လူထုအခြေပြု မိတ်ဖက်အဖွဲ့များနှင့် ဝေမျှသုံးစွဲသည်။ | ၅ |
| ည | ဆုံးဖြတ်ချက်မချရသေးပါ။ | ၁၁ |
| ဋ | *ဝန်ထမ်းများအတွက် စီမံကိန်းလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း၊ သို့မဟုတ် ဘဏ္ဍာရေးသင်တန်းများပေးခြင်း* | ၂ |
| ဌ | *ဝန်ထမ်းများအတွက် သင်တန်းများပေးခြင်း (အခြား)* | ၃ |
| ဍ | *မြင်သာထင်သာရှိရန် ပြုလုပ်သည့်လုပ်ငန်းများ (ပုံနှိပ်ခြင်း၊ တီရှပ်များ၊ ပြက္ခဒိန်)* | ၄ |

အရပ်ဘက်အဖွဲ့အစည်းများ၏ စီမံကိန်းနှင့် မသက်ဆိုင်သော ဝင်ငွေများအား စီမံသုံးစွဲမှုအပေါ် ဆန်းစစ် လေ့လာချက်မှ သုံးသပ်ချက်

၃.၆ က/ဃ - မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများအတွက် နစ်စဉ်ရသုံး ခန့်မှန်းငွေစာရင်း သည် အမေရိကန်ဒေါ်လာ ၂ သိန်းနား နီးလာမှသာ အရန်ရန်ပုံငွေတစ်ခု မတည်နိုင်လေသည်။ အရန်ငွေများသည် စီမံကိန်းများ ရပ်နားထားသော အချိန်အတောအတွင်း ဝန်ထမ်းများအား ဆက်လက်ထိန်းသိမ်းထားရန် (ထို့ပြင် ဝန်ထမ်းသစ်ခေါ်ယူခြင်း/ သင်တန်းများအတွက် ရင်းနှီးမြှုပ်နှံမှု) စသည်တို့ ကို ပြုလုပ်နိုင်ရန်အတွက်ထားရှိသော ကြားခံတစ်ခုအဖြစ်သာ ယူဆလေ့ရှိကြသည်။ နောက်ပိုင်းတွင်မူ အရန်ငွေများသည် အမှန်တကယ်ပင် အဖွဲ့အစည်း၏စုငွေအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်လာပြီး အဖွဲ့အစည်းပိုင် ရသုံးခန့်မှန်းငွေမှ သုံးစွဲမှုကုန်ကျစရိတ်များ (ရုံးအဆောက်အဦစရိတ်၊ စက်ပစ္စည်းကိရိယာစရိတ်၊ မော်တော်ယာဉ်စရိတ် အစရှိသည်တို့) ကို တဖြည်းဖြည်းလျှော့ချလာနိုင်ခဲ့သည်။

ဤစစ်တမ်းတွင်ပါဝင်သော အရန်ရန်ပုံငွေ ရရှိသည်ဟု အစီရင်ခံသည့် အရပ်ဘက်အဖွဲ့အစည်း ၃၅ ဖွဲ့၏ ရသုံးခန့်မှန်းငွေစာရင်းပမာဏမှာ အလွန်နည်းသည့် ပမာဏအတွင်း[၁၂] တွင် ရှိသည်။ ၎င်းတို့မှ အများစုမှာ "သာရေးနာရေး" အဖွဲ့များ ဖြစ်သည်။

၎င်းတို့၏ "အရန်ရန်ပုံငွေ"ကို နိစ္စဓူဝအသုံးစရိတ်များအတွက် အသုံးပြုနေရစဉ်တွင် ထိုမြို့နယ်အဆင့် အဖွဲ့များမှ အချို့ သို့မဟုတ် အားလုံးတွင် ၎င်းတို့၏စိတ်ကူးပုံစံအတိုင်း ရေရှည်အတွက် စဉ်းစား ဆောင်ရွက်လိုစိတ်များ ရှိ၊ မရှိ ဆိုသည်ကိုမူ ဆက်လက် လေ့လာ ဆန်းစစ်သွားရန် လိုအပ်ပါသည်။

၃.၆ ခ - အရပ်ဘက်အဖွဲ့အစည်း ၂၄ ခုမှသာ သွယ်ဝိုက်ကုန်ကျစရိတ်အချို့ကို စီမံခန့်ခွဲရေး ကော်မတီ (EC) အသုံးစရိတ်အတွက် သုံးသည်ဟု ပြောကြားသည်။ ထိုအခြေအနေတွင် ရန်ပုံငွေ စီမံခန့်ခွဲသူများမှ ရန်ပုံငွေ ရရှိသူများအား အကြံဉာဏ်ကောင်းများ ပေးခဲ့ဟန်တူသည်။ စီမံခန့်ခွဲရေးကော်မတီအသုံးစရိတ် (အဓိကအားဖြင့် ခရီးသွားလာစရိတ်) သည် ပထမအကြိမ် ရန်ပုံငွေတောင်းခံမှုတွင် ဘတ်ဂျက် အတွင်း ထည့်သွင်းထားလေ့မရှိသော စရိတ်ဖြစ်သည်။ အကြောင်းမှာ အရပ်ဘက်အဖွဲ့အစည်းများ တော်တော်များများသည် ရန်ပုံငွေ ရလာလျှင် တက်ရောက်ရမည့် အစည်းအဝေးများကို ပုံမှန်အားဖြင့် လျှော့ပေါ့တွက်ချက်ထားတတ်ခြင်းကြောင့် ဖြစ်သည်။

၃.၆ င - ဤဆန်းစစ်လေ့လာချက်တွင် တွေ့ရသည်မှာ သွယ်ဝိုက်ကုန်ကျစရိတ်များ ကို အများဆုံး (၅၀%) သုံးသည့် အပိုင်းမှာ ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲထားခြင်းမရှိသော ကုန်ကျစရိတ်များတွင်ဖြစ်သည်။ ရန်ပုံငွေကို စီမံခန့်ခွဲသည့် အဖွဲ့များဆီမှ ကြားသိရသည်နှင့် ကောက်ယူရသည့် အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ရာမှ ကောက်ချက်ချနိုင်သည်များမှာ -

- အရပ်ဘက်အဖွဲ့အစည်းအများစုအတွက် ယခုကဲ့သို့ စီမံငွေရရှိခြင်းသည် ပထမဆုံးအကြိမ် ဖြစ်ပြီး စီမံကိန်းအတွက် ဘတ်ဂျတ်ဆွဲခြင်းသည်လည်း ပထမဆုံးပင်ဖြစ်သည်။ အကျိုးဆက်အားဖြင့် မလိုအပ်သည်ဟု ထင်၍ ဖြုတ်ထားမိခြင်း၊ အချို့လုပ်ငန်းများအတွက် ငွေကြေးတွက်ချက်မှုနည်းပါး သွားခြင်းများ ဖြစ်သွားနိုင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့အလုပ်လုပ်ကိုင်သည့် ရပ်ရွာလူထု အသိုင်းအဝိုင်းထဲတွင် အခွင့်အလမ်းသစ်များကို ရှာဖွေပြီး ယင်းသွယ်ဝိုက်ကုန်ကျစရိတ်များကို တိုးချဲ့လာသော စီမံချက် အသစ်များတွင် သုံးစွဲရန် ဆုံးဖြတ်ကြသည်။
- ရန်ပုံငွေကိုစီမံခန့်ခွဲသည့်အဖွဲ့များအတွက်လည်း ထိုကဲ့သို့ရန်ပုံငွေအမျိုးအစားအား ပထမဆုံးအကြိမ် အထောက်အပံ့ပေးခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် အရပ်ဘက်အဖွဲ့အစည်းများသို့ပေးထားသော ရသုံးခန့်မှန်းငွေစာရင်းဖြည့်ရန် ပုံစံတွင် အကန့်အသတ်များ၊ လိုအပ်ချက်များ ရှိနိုင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများကို သွယ်ဝိုက်ကုန်ကျစရိတ်များအား မျှော်လင့်မထားသော သို့မဟုတ် ရသုံးခန့်မှန်းငွေစာရင်းတွင် ထည့်သွင်းမထားသော စီမံကိန်းစရိတ်များအတွက် အသုံးပြုရန် ရန်ပုံငွေ ကိုစီမံခန့်ခွဲသည့်အဖွဲ့များမှ အကြံပေး၊ တိုက်တွန်းကြသည်။ (၃.၆ ဇ တွင်လည်း ရည်ညွှန်းထား သည်။)
- ရန်ပုံငွေကို စေ့စပ်ညှိနှိုင်းတင်ဆက်ပေးသည့် အဖွဲ့များ (နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်း များ) ၏ လုပ်ထုံးလုပ်နည်းမှာ အကျုံးမဝင်သည့် အရပ်ဘက်အဖွဲ့အစည်း ကုန်ကျစရိတ်များအတွက် "အာမခံ" အနေဖြင့် ရန်ပုံငွေ အရစ်ကျချပေးချိန်တွင် ပေးငွေ၏ ရာခိုင်နှုန်းတစ်ခုကို ချန်ယူထားလေ့ ရှိသည်။ ၎င်းသည် အသုံးစရိတ် မလောက်ငှမှုနှင့် သွယ်ဝိုက်ကုန်ကျစရိတ်များပေါ်တွင် စီမံကိန်း၏ ဖိအားတို့ကို ဖြစ်ပေါ်စေပါသည်။

ယခုအချိန်သည် ဒုတိယအကြိမ် ရန်ပုံငွေရရှိသူများနှင့် ရသုံးခန့်မှန်းငွေ လျှောက်လွှာပုံစံကို အချိန်မီ ပြန်လည်ဆန်းစစ်သင့်ဆုံး အချိန်ဖြစ်သည်။ အထူးသဖြင့် ခရီးသွားလာစရိတ်၊ လောင်စာ ဆီစရိတ်၊ ရုံးငှားရမ်းခနှင့် လျှပ်စစ်အခွန်အခများအတွက် ထိုလျှောက်လွှာထဲတွင် ပါ၊ မပါ ပြန်လည် ဆန်းစစ်ရန်လိုအပ်ပါသည်။

၃.၆ ဆ - သုံးပုံတစ်ပုံသော အရပ်ဘက်အဖွဲ့အစည်းများက ၎င်းတို့ သွယ်ဝိုက်ကုန်ကျစရိတ်များ၏ အချို့ကို "ထိုအချိန်တွင် အလိုအပ်ဆုံး ဖြစ်နေသော အရာများ" တွင် အသုံးပြုသည်ဟု ဆိုပါသည်။ အဖွဲ့များတွင် ရည်မှန်းချက်အသစ်များ ရှိလာခြင်း၊ မရေရာသော ငွေကြေးအထောက် အပံ့နှင့် အကန့်အသတ်မရှိသော ဘဏ္ဍာငွေများ နည်းပါးလာခြင်းကြောင့် ယင်းသို့ သုံးစွဲရန် စီမံလျာထား ခြင်းသည် ကျိုးကြောင်းဆီလျော်သည်။ အဖွဲ့အစည်းရပ်တည်နိုင်မှုအတွက် ရေတိုစီမံကိန်း သည်သာ ဦးစားပေးဖြစ်သည်။

---

၁၂။ ပျမ်းမျှအားဖြင့် ၁၁ ဒေါ်လာခန့်

မည်သို့ပင်ဆိုစေ၊ သွယ်ဝိုက်ကုန်ကျစရိတ်များသည် မည်မျှပမာဏ သေးငယ်စေကာမူ ဤမြို့နယ်အဆင့် အဖွဲ့အစည်းများ၏ စီမံကိန်းအတွက် ပြင်ဆင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု စသည့် စွမ်းဆောင်ရည်များ တည်ဆောက်ရာတွင် အမှန်တကယ်ပင် အထောက်အကူပြုနိုင်မည့် အလားအလာ ရှိသည်ကို တွေ့ရသည်။ ဒုတိယအကြော ရန်ပုံငွေပေး ရာတွင် သင့်တင့်သည့် ရည်ရွယ်ချက်မှာ သွယ်ဝိုက်ကုန်ကျစရိတ်များကို အရေးပေါ် စီမံခန့်ခွဲခြင်းထက် စဉ်းစဉ်းစားစားဖြင့် စီစဉ်လျာထား အသုံးပြုသည့် ချဉ်းကပ်မှုမျိုးသို့ ဦးတည် ဆောင်ရွက်သင့် သည်။

စီမံကိန်းရန်ပုံငွေများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဤကဲ့သို့သော စွမ်းဆောင်ရည်များကို ပျိုးထောင်နိုင်သော အလားအလာမှာ ကန့်သတ်မှုရှိပေသည်။ ဘတ်ဂျက် ရေးဆွဲခြင်းနှင့် အစီအစဉ်များ ရေးဆွဲခြင်းသည် စာချုပ်မချုပ်ဆိုမီကပင် ရန်ပုံငွေပေးသူများနှင့် သေသေချာချာ ဆွေးနွေးတိုင်ပင် ရေးဆွဲလေ့ရှိသည်။ အကောင်အထည်ဖော်သည့် အချိန်တွင်မူ စာချုပ်ပါအတိုင်းသာ လုပ်ဆောင်ရသည်။ ဆုံးဖြတ်ချက်အချို့တော့ လိုအပ်သည်။ စီမံကိန်းရန်ပုံငွေ များသည် အရပ်ဘက်အဖွဲ့အစည်းများအား ၎င်းတို့၏ အုပ်ချုပ်ရေး စွမ်းဆောင်ရည်များကို ပိုမို ကောင်းမွန်စွာလုပ်ဆောင်လာနိုင်စေပြီး စီမံကိန်းနှင့်မသက်ဆိုင်သော ရန်ပုံငွေများကမူ စီမံခန့်ခွဲရေး စွမ်းဆောင်ရည်များ ပိုမို တိုးတက်လာအောင် အထောက်အကူပေးနိုင်ကြောင်း တွေ့ရသည်။

၃.၆ ဇ - အရပ်ဘက် အဖွဲ့အစည်းများမှ လေးပုံတစ်ပုံခန့် (၂၄.၂%)သည် ရန်ပုံငွေကို ကြားမှစီမံ ဆောင်ရွက်ပေးသူ (ရန်ပုံငွေပေးသူ) များသည် သွယ်ဝိုက်ကုန်ကျစရိတ်များအား မည်သို့အသုံးပြု ရမည်ဟု တစ်ခါတစ်ရံတွင် ပြောလေ့ရှိသည်ဟု ပြောပါသည်။ ရန်ပုံငွေ စီမံခန့်ခွဲသူ အဖွဲ့များနှင့် တွေ့ဆုံစဉ် အစည်းအဝေးများမှ ကျွန်ုပ်တို့ လေ့လာသုံးသပ်မိသည်မှာ -

- အချို့သော ကွင်းဆင်းဝန်ထမ်းများနှင့် ကြီးကြပ်ကွပ်ကဲသူများသည် သူတို့အဖွဲ့အစည်း၏ သွယ်ဝိုက် ကုန်ကျစရိတ်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နားမလည်ပါ။ အရပ်ဘက်အဖွဲ့အစည်းများသို့ ရှင်းရှင်းလင်းလင်း မပံ့ပိုးပေးနိုင်ပါ။
- အချို့က သွယ်ဝိုက်ကုန်ကျစရိတ်များသည် စီမံကိန်းအတွက် အရပ်ဘက်အဖွဲ့အစည်း၏ နောက်ထပ် ဝင်ငွေ အဖြစ် မှတ်ယူနားလည်ကြသည်။ အနည်းငယ်က သွယ်ဝိုက်ကုန်ကျစရိတ်များကို သူတို့၏ ကိုယ်ပိုင် အစီအစဉ်ရေးဆွဲခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ငွေပေးချေခြင်း စနစ်များ[၁၃]အတွက် လစ်လပ်နေသော ကာလများတွင် ကြားခံအဖြစ် အသုံးပြုရန် မှတ်ယူနားလည်ကြသည်။
- အချို့သော ကွင်းဆင်းဝန်ထမ်းများက ဆိုသည်မှာ သူတို့သည် ထိုသို့ ပြောဆို အကြံပေးလိုစိတ် မရှိပါ။ ထပ်ခါထပ်ခါ တောင်းဆိုလာသည့် အခါမှသာ ထိုသို့ ပြောခဲ့သည်ဟု ဆိုပါသည်။

အကယ်၍ ငွေကြေးအထောက်အပံ့ပေးသူများမှ သွယ်ဝိုက်ကုန်ကျစရိတ်များ၏ ထပ်တိုး တန်ဖိုးကို အလေးမထားလျှင် ၎င်းတို့သည် အရပ်ဘက်အဖွဲ့အစည်းများ အမှီအခိုကင်းရေးနှင့် လွတ်လပ်စွာ စွမ်းဆောင်နိုင်ရေးတို့ကို ထောက်ပံ့နိုင်မည့် အခွင့်အရေးများအား ဆုံးရှုံးရလိမ့်မည် ဖြစ်သည်။ ထို့အတူ ယင်းတို့အနေဖြင့် အလွန် အရေးပါသည့် စွမ်းဆောင်ရည် မြှင့်တင်နိုင်မည့် နည်းလမ်း တစ်ခုကို လျော့တွက်ရာရောက်သွားလိမ့်မည် ဖြစ်ပါသည်။

၃.၆ ဈ - အရပ်ဘက်အဖွဲ့အစည်းများအနက် ငါးဖွဲ့မှ ပြောပြသည်မှာ ၎င်းတို့အနေဖြင့် သွယ်ဝိုက် ကုန်ကျစရိတ်များကို ၎င်းတို့၏ ရပ်ရွာအခြေပြုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဝေမျှသုံးစွဲသည် ဟူ၍ ဖြစ်သည်။ ယင်းကို ရန်ပုံငွေပေးအပ်သည့် အဖွဲ့များအနေဖြင့် မည်သည့်အတွက်ကြောင့် ထိုသို့ သုံးစွဲရန် ဆုံးဖြတ်သည်၊ မည်သို့သုံးစွဲသည် ဆိုသည်ကို လေ့လာနိုင်လျှင် ရန်ပုံငွေအတွက် အလွန် အကျိုးရှိလိမ့်မည်။ ယခုမှသာ ဤမေးခွန်းသည် အကန့်အသတ်မရှိသော ဘဏ္ဍာငွေများအား အများအပြား ရရှိထားသည့် အတော်အသင့်ကြီးမားသော အရပ်ဘက်အဖွဲ့အစည်းများအကြား ခေတ်စားလာခြင်း ဖြစ်သည်။

၃.၆ ည၊ ဋ - အရပ်ဘက်အဖွဲ့အစည်းအနည်းငယ်သာ သွယ်ဝိုက်ကုန်ကျစရိတ်များကို ဝန်ထမ်းများအား သင်တန်းပေးရေးအတွက် အသုံးပြုကြသည်။ ဤတွင် ရှင်းလင်းချက် သုံးမျိုးရှိနိုင်သည်။

- "တောင်းဆိုလာသည့်အပေါ်မူတည်၍"[၁၄] စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းကို အသေးစား ရန်ပုံငွေပေးသည့် အဖွဲ့များအနေဖြင့် စီမံကိန်းဘဏ္ဍာငွေဖြင့် ပြည့်ပြည့်ဝဝ လုပ်ဆောင် နိုင်သောကြောင့် ဖြစ်သည်။
- စုစုပေါင်း သွယ်ဝိုက်ကုန်ကျစရိတ် ဝင်ငွေသည် တစ်နှစ်လျှင် မြန်မာငွေ ၁၀ သိန်း ဖြစ်လျှင် ဝန်ထမ်းများအတွက် သင်တန်းသည် အလွန်ဈေးကြီးနေနိုင်သည်။
- အဖွဲ့၏ စွမ်းဆောင်ရည်လိုအပ်ချက် ပြည့်ဝစေရန် သင်တန်းများ တောင်းဆိုမှုမှာ အရေအတွက်အားဖြင့် နည်းနေသေးသည်။

၁၃။ ၂၀၁၇ ခုနှစ်တွင် မေးမြန်းခဲ့သော အရပ်ဘက်အဖွဲ့အစည်းများမှ သွယ်ဝိုက်ကုန်ကျစရိတ်များကို စီစဉ်ထားခြင်း မရှိသော အလှူရှင်များနှင့် အစည်းအဝေး၊ အလှူရှင်များ လာရောက်လည်ပတ်လျှင် ထပ်လောင်းကုန်ကျသည့် ကုန်ကျစရိတ်၊ လစာငွေများ ၊ အလှူငွေရရှိမှု နောက်ကျလျှင် အသုံးပြုရန်လျာထားသော ပေါင်းကူးအလှူငွေများနှင့် အစီရင်ခံစာများအား မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်း အစရှိသည်တို့တွင် သုံးရန် အလှူရှင်များမှ ဥပမာများ ပေးခဲ့ကြကြောင်း ပြောကြားခဲ့သည်။

၁၄။ ဤအသေးစားရန်ပုံငွေများ၏ စည်းမျဉ်းစည်းကမ်းများထဲမှ တစ်ခုမှာ အရပ်ဘက်အဖွဲ့အစည်းများမှ သတ်မှတ်ထားသော လိုအပ်ချက်အရသာ စွမ်းရည်မြှင့်တင်မှုဆိုင်ရာ အထောက်အပံ့များကို ပေးရန်ဖြစ်သည်။

### ၃.၇။ အရပ်ဘက်အဖွဲ့အစည်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များအား အသုံးပြုရန် မည်ကဲ့သို့ ဆုံးဖြတ်ကြသနည်း။ မည်သူက ဆုံးဖြတ်သနည်း။

| ဒါရိုက်တာ | ရရှိထားသော အဓိက နှစ်စဉ် ပင်မရန်ပုံငွေ ဘဏ္ဍာပေါ် မူတည်၍ | အလှူရှင်များမှ သဘောတူထားသော ပင်မရန်ပုံငွေပေါ် လစီအရ | ဆုံးဖြတ်ချက်ချသည့် အဖွဲ့အနေဖြင့် ကိစ္စတစ်ခုချင်းပေါ် မူတည်၍ ကြည့်ရှုဆုံးဖြတ်သည်။ |
|---|---|---|---|
| ၁၅ | ၁၀ | ၁၇ | ၁၀၁ |

ဤအရပ်ဘက်အဖွဲ့အစည်း အတော်များများ (၈၃%)သည် သွယ်ဝိုက်ကုန်ကျစရိတ်များကို သုံးစွဲရာတွင် အားလုံးပါဝင်သည့် နည်းလမ်းဖြင့် ဆုံးဖြတ်သည်။ တွေ့ရများသည့် ဆုံးဖြတ်ချက် ချမှတ်သည့် အုပ်စုများမှာ ဦးဆောင် ကော်မတီများ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စသည့် အုပ်စုများ ဖြစ်သည်။ ၎င်းတို့ထဲမှ နှစ်ဖွဲ့သည် အကျိုးခံစားခွင့်ရှိသူများ မပါသော်လည်း ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းကို သက်ဆိုင်ရာ အစုအဖွဲ့များ အားလုံး ပါဝင်ခြင်းဖြင့် ပြုလုပ်သည်။ ၎င်းတို့ထဲမှ အခြားနှစ်ဖွဲ့တွင်မူ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းကို အကျိုးခံစားခွင့်ရှိသူများက ပြုလုပ်သည်။

ဆုံးဖြတ်ချက် ချမှတ်ခြင်း အတွက် ဒါရိုက်တာမှ တာဝန်ယူရသည့် အခြေအနေများတွင်ပင် ထိုဒါရိုက်တာများ ထဲမှ သုံးပုံနှစ်ပုံသည် ချမှတ်အတည်ပြုထားပြီးသော ဘတ်ဂျက် သို့မဟုတ် လမ်းညွှန်ချက်များကို အခြေခံ ပြီးသာ ဆုံးဖြတ်ချက်များကို ချမှတ်လေ့ရှိသည်။ ဤအရပ်ဘက်အဖွဲ့အစည်းများတွင် ရေးဆွဲအတည်ပြုထားသော ပင်မဘဏ္ဍာငွေ ပေါ်လစီ[၁၅] ရှိလိမ့်မည် မထင်ပါ[၁၆]။

ရှင်းရှင်းလင်းလင်း နားလည်ရန် ခက်ခဲသည့် အဖြေများ[၁၇]ကို ထည့်သွင်းစဉ်းစားလျှင်၊ အားလုံးပါဝင် ဆုံးဖြတ် ချက်ချကြသည့် အလေ့အထကို တော်တော်များများ တွေ့ရသည်။ ၎င်းသည် အမြဲတမ်း အကျိုးဖြစ်ထွန်းသည့် နည်းလမ်း ဖြစ်ချင်မှ ဖြစ်လိမ့်မည်ဆိုသော်လည်း စီမံကိန်းအတွက် မဟုတ်သည့် အသုံးစရိတ်များသည် စီမံကိန်း အသုံးစရိတ်များထက် ပို၍ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးခံရမည့် အလားအလာ ရှိနေသည်။ ကနဦး အစမ်း စူးစမ်းလေ့လာမှုများနှင့် ကျွန်ုပ်တို့၏ အရပ်ဘက် အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများမှ ထပ်မံ သက်သေပြုပေးသည့် အချက်မှာ စီမံကိန်းနှင့်မသက်ဆိုင်သော ရန်ပုံငွေများသည် "တင်းတင်းကျပ်ကျပ် ကာကွယ် စောင့်ရှောက်ခံထားရသည်"ဟူ၍ပင်။

### ၃.၈။ သွယ်ဝိုက်ကုန်ကျစရိတ်များသည် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တိုးတက်လာစေနိုင်သလား။

အထက်ပါစာပိုဒ်တွင် ဖော်ပြခဲ့သော ဆုံးဖြတ်ချက်ချမှတ်ခြင်း လမ်းစဉ်များသည် စီမံကိန်းအသုံးစရိတ်နှင့် ပတ်သက်၍ပုံမှန် ဆုံးဖြတ်ချက်ချပုံနှင့် ကွဲပြားသည်ကို တွေ့ရသည်။ ယင်းအချက်ကပင် သွယ်ဝိုက် ကုန်ကျစရိတ်များကြောင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်သစ်များ ပိုမိုတိုးတက်လာစေရန် အလားအလာရှိသည်ဟု ညွှန်ပြနေပေသည်။ ဆန်းစစ်လေ့လာမှုတွင် ဤမေးခွန်းကို နောက်ဆုံး တစ်ချက်အနေဖြင့် ထည့်သွင်းမေးမြန်းခဲ့သည်။

| | (ရန်ပုံငွေစီမံသည့် အကျိုးဆောင်) အနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်များ ကြောင့် အရပ်ဘက်အဖွဲ့အစည်းများ၏ မည်သည့်စွမ်းဆောင်ရည် ပိုမိုတိုးတက် ကောင်းမွန်လာသည်ဟု မြင်ပါသလဲ။ | |
|---|---|---|
| က | စီမံကိန်းရပ်နားစဉ်ကာလအတွင်း ငွေရေးကြေးရေးလိုအပ်ချက်ကို ဖြည့်ဆည်း ရာတွင် စီမံလာနိုင်ခြင်း (ပေါင်းကူးရန်ပုံငွေအဖြစ် အသုံးပြုတတ်လာခြင်း) | ၇၀ |
| ခ | သွယ်ဝိုက်ကုန်ကျစရိတ် (သို့မဟုတ် ပင်မရန်ပုံငွေ) ဆိုင်ရာလုပ်ထုံးလုပ်နည်းများ တိုးတက်လာခြင်း | ၃၆ |
| ဂ | သွယ်ဝိုက်ကုန်ကျစရိတ် (သို့မဟုတ် ပင်မရန်ပုံငွေ) ဆိုင်ရာ ပေါ်လစီများ တိုးတက်လာခြင်း | ၄၈ |
| ဃ | *စီမံကိန်းဘဏ္ဍာငွေများအား ဒီဇိုင်းရေးဆွဲလာနိုင်ခြင်း* | ၂၈ |
| င | *အရပ်ဘက်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်ပုံ နည်းစနစ်များနှင့် လမ်းစဉ်များတိုးတက်လာခြင်း* | ၇၉ |
| စ | ပိုမိုဒီမိုကရေစီနည်းကျသည့် အရပ်ဘက်အဖွဲ့အစည်း ဖြစ်လာခြင်း | ၀ |
| ဆ | သုတေသနနှင့် ဆက်သွယ်ရေးဆိုင်ရာစွမ်းရည် တိုးတက်လာခြင်း (အဘယ့်ကြောင့်ဆိုသော် သွယ်ဝိုက်ကုန်ကျစရိတ်များကို ထိုအတွက် သုံးသည့်အတွက်ကြောင့် ဖြစ်သည်။) | ၁ |
| ဇ | ရန်ပုံငွေ ရှာဖွေနိုင်စွမ်း တိုးတက်လာခြင်း | ၃ |

၁၅။ သိသလောက်ဆိုလျှင် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်း ၄ခုသည် ၎င်းတို့၏ အကန့်အသတ်မရှိသော ဝင်ငွေ များနှင့် အသုံးစရိတ်များကို စီမံသည့် ပေါ်လစီ ရှိသည်။ ၎င်းတို့အသုံးပြုသော ဝေါဟာရမှာ "ပင်မရန်ပုံငွေ" ဟူ၍ ဖြစ်သည်။ နောက်ထပ် အရပ်ဘက်အဖွဲ့အစည်း ၅ခုမှာမူ ထိုကဲ့သို့ ပေါ်လစီထွက်ရန် ကြိုးပမ်းဆဲဖြစ်သည်။

၁၆။ ဘာသာပြန်ခြင်းနှင့် သက်ဆိုင်သည့် မေးခွန်းတစ်ခု ဖြစ်နိုင်သည်။ သို့မဟုတ် ကွင်းဆင်းဝန်ထမ်းများအား ကျွန်ုပ်တို့ သုတေသနအဖွဲ့မှ လုံလောက်စွာ လမ်းညွှန်မှု မပေးနိုင်သည့် အတွက် ဖြစ်မည်။

၁၇။ မေးခွန်းမေးမြန်းသည့် အဖွဲ့များအား ရန်ပုံငွေကို ပေးသည့်အဖွဲ့မှ အနည်းဆုံး အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်း နှစ်ယောက်ကို မေးမြန်းဆွေးနွေးရန် ပြောထားပါသည်။

ဤမေးခွန်းသည် ရန်ပုံငွေ စီမံခန့်ခွဲသူ အဖွဲ့များကို လမ်းညွှန်ပေးခဲ့ခြင်း ဖြစ်သည်။ ရလာသည့် အချက်အလက်အချို့သည် ကျွန်ုပ်တို့ ထင်မှတ်မထားသည်များ ဖြစ်သော်လည်း အလွန်စိတ်ဝင်စားစရာ ကောင်းသည့် လမ်းကြောင်းပုံစံ (pattern) များဖြစ်နေသည်ကို တွေ့ရသည်။

နောက်ဆက်တွဲ တွေ့ဆုံမှု ငါးခု (ကွင်းဆင်းဝန်ထမ်း ၈ ဦးနှင့်) မှ တင်ပြသည်မှာ ကျွန်ုပ်တို့၏မေးခွန်းများကို စီစဉ်ထားပုံမှာ အားနည်းပြီး ရန်ပုံငွေကို စီမံခန့်ခွဲသည့် အဖွဲ့များသည် အချို့သော အသုံးအနှုန်းများနှင့် ရင်းနှီးကျွမ်းဝင်မှု သိပ်မရှိသေးကြောင်းတွေ့ရသည်။ ၎င်းတို့ ၈ ယောက်လုံးမှ အောက်ပါတို့မှ တစ်ချက် မဟုတ် တစ်ချက်ကို တင်ပြခဲ့ကြသည်။

- စွမ်းဆောင်ရည် တိုးတက်မှု ဆန်းစစ်လေ့လာချက် ပြုလုပ်ရန် သူတို့အတွက် ခက်ခဲခဲ့ပါသည်။
- သွယ်ဝိုက်ကုန်ကျစရိတ်များသည် စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အထောက်အကူဖြစ်နိုင်သည်ဟု ယခင်က သူတို့ စဉ်းစားခဲ့ခြင်း မရှိခဲ့ပါ။
- စွမ်းဆောင်ရည်ပေါ်တွင် သွယ်ဝိုက်ကုန်ကျစရိတ်များ၏ အကျိုးသက်ရောက်မှုကို ခွဲခြားသိမြင်နိုင်ရန် ခက်ခဲခဲ့ပါသည်။

စီမံကိန်းကာလအဆုံး တွေ့ဆုံဆွေးနွေးမှုများတွင် ရန်ပုံငွေရရှိသူ အရပ်ဘက်အဖွဲ့အစည်းများကို တွဲဖက် ကူညီမည့် အစည်းအဝေးများတွင် ဆက်လက် ဆွေးနွေးရမည့် မေးခွန်းများမှာ -

- မည်သည့်စရိတ်များ၊ ကြားခံ အစီအမံများကို ဆတ်ကူးမတ်ကူးကာလအတွက်  စီစဉ်ထားသနည်း။
- ပင်မကုန်ကျစရိတ် ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းပြနိုင်မလား။ ရေးဆွဲထားပြီးသား တစ်ခုခု ရှိပါသလား။
- ကျွန်ုပ်တို့အနေဖြင့် သင့်၏ ဘဏ္ဍာငွေတွက်ချက်ခြင်းစွမ်းရည်တိုးတက်လာသည် ဆိုသည့် အချက်ကို နောင်လာမည့် ငွေကြေးအထောက်အပံ့ တောင်းဆိုသည့် လျှောက်လွှာတွင် မြင်သာပေါ်လွင်စေရန် မည်သို့လုပ်ဆောင်ပေးရမည်နည်း။

စိတ်ဝင်စားစရာ အချက်မှာ "ဒီမိုကရေစီ" နည်းလမ်းကျ အဖွဲ့အစည်းဆိုသည့် သဘောတရားကို မည်သည့် အဖွဲ့အစည်းမှ ရှုမြင်နိုင်ခြင်း မရှိသေးပေ။ နောက်ဆက်တွဲ အဖြေများမှ တွေ့ရှိရသည်မှာ ရန်ပုံငွေကို စီမံခန့်ခွဲသည့် အဖွဲ့များက "ဒီမိုကရေစီ" ဆိုသည်မှာ အလွန် နိုင်ငံရေးဆန်သည့် အသုံးအနှုန်းဖြစ်ပြီး (တစ်ခါတစ်ရံတွင် ဘေးအန္တရာယ် ဖြစ်စေနိုင်သည်) ဟု မှတ်ယူနားလည်ထားကြကြောင်းပင်။

# ၄.၀ အရပ်ဘက်အဖွဲ့အစည်းများ ကြီးထွားလာလျှင် သွယ်ဝိုက်ကုန်ကျစရိတ်များ မည်သို့ ဖြစ်သွား နိုင်သနည်း။

စစ်တမ်းထဲတွင် ပါဝင်သည့် အဖွဲ့အစည်းများမှာ မြို့နယ်အခြေပြုအဖွဲ့များဖြစ်ပြီး နိုင်ငံတကာ ရန်ပုံငွေကို ပထမဦးဆုံး စီမံဖူးသော အဖွဲ့များ ဖြစ်ကြသည်။ ဤစစ်တမ်းမှပေါ်ထွက်လာသော လမ်းကြောင်း ပုံစံ (pattern) များသည် ပိုကြီးသော ပြည်နယ်အဆင့် သို့မဟုတ် နိုင်ငံတော်အဆင့် အရပ်ဘက်အဖွဲ့အစည်းကြီးများအတွက်ပါ အသုံးချနိုင်ပါမည်လား။

ယင်းကို ကျွန်ုပ်တို့အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းကြီး[၁၈] ၄ ခု၊ အလယ်အလတ်ဆိုဒ် အရပ်ဘက် အဖွဲ့အစည်း[၁၉] ၄ ခုတို့ဖြင့် စမ်းကြည့်ခဲ့သည်။ ဤအဖွဲ့အစည်းများအားလုံးလိုပင် နိုင်ငံတကာ ရန်ပုံငွေအဖွဲ့များ သို့မဟုတ် ငွေကြေးအထောက်အပံ့ပေးသူ ၅၀ ကျော်နှင့် စာချုပ်ချုပ်၍ အလုပ်လုပ်သော ဆက်ဆံရေးနှင့် မိတ်ဖက်ပြု၍ အလုပ်လုပ်သော ဆက်ဆံရေးများ ရှိကြသည်။ ယခု နမူနာကောက်ယူသည့် အရေအတွက်သည် နည်းပါးသော်လည်း ဤလေ့လာချက်သည် မြန်မာ နိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ တိုးတက်မှုကို ပိုမိုနားလည်စေရန်အတွက် ဆက်လက် လေ့လာရမည့် နယ်ပယ်များကို အကြံပြုဆွေးနွေးထားသည်။

- ယင်းတို့ကဲ့သို့သောအရပ်ဘက်အဖွဲ့အစည်းကြီးများသည်  မြို့နယ်အဆင့်အဖွဲ့များကဲ့သို့ ပင် သွယ်ဝိုက်ကုန်ကျစရိတ်ကို ၎င်းတို့၏ ပင်မ အကန့်အသတ်မရှိသော ရန်ပုံငွေအဖြစ် မှီခို အားထားကြရသည်။
- အရပ်ဘက်အဖွဲ့အစည်းကြီးများအနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်အပေါ် မှီတွယ်နေရခြင်း သည် အလှူရှင်အပေါ် မှီခိုမှု ပုံစံတစ်မျိုးဟု စိုးရိမ်မိနေသော်လည်း အခြားအကန့်အသတ်မဲ့ ဝင်ငွေ အရင်းအမြစ်များအား ရှာဖွေခြင်းမှာလည်း  နှောင့်နှေးမှုများရှိနေပြန်သည်။
- ထိုအဖွဲ့အစည်းများထဲမှခြောက်ခုမှာ သွယ်ဝိုက်ကုန်ကျစရိတ်သည် ယခုနှစ် အနည်းငယ်အတွင်း မြင့်တက်လာသော ၎င်းတို့၏ ကုန်ကျစရိတ်/အသုံးစရိတ် ပုံစံများနှင့် ဆက်စပ်နေ သလားဟု တွေးတောနေကြပြီ ဖြစ်သည်။ အဖွဲ့အားလုံးမှ စီမံကိန်း ရန်ပုံငွေ အထောက်အပံ့ သည်သာ အဖြစ်နိုင်ဆုံး တရားခံအဖြစ် အခိုင်အမာပြောကြားကြသည်။
- အကန့်အသတ်မဲ့ဝင်ငွေသည်  အမြင့်မားဆုံးအခြေအနေတစ်ခုသို့  ရောက်မလာခင်အထိ  ငွေကြေးလဲလှယ်မှုနှုန်း[၂၀]သည် ဘဏ်တိုးနှုန်းတစ်ခုအဖြစ် အဖွဲ့အတွက် ဝင်ငွေရရှိရာ အရင်းအမြစ် တစ်ခုဖြစ်ကြောင်း စဉ်းစားခဲ့ခြင်းမျိုး မရှိခဲ့ပါ။
- ဝန်ထမ်းများ၏ ထည့်ဝင်ငွေမှ ရရှိလာသော ဝင်ငွေသည် အရပ်ဘက်အဖွဲ့အစည်း အသေးလေးများအတွက် အရေးမပါသော်လည်း အလယ်အလတ်ဆိုဒ် အရပ်ဘက်အဖွဲ့စည်းများ အတွက်မူ ငွေကြေးအထောက်အပံ့ပေးသူများနှင့် အလှူရှင်များမှ ပြန်မပေးနိုင်သော သွယ်ဝိုက်ကုန်ကျစရိတ်များအတွက် ထိုငွေများက ဖာထေးပေးနိုင်ပေသည်။ သွယ်ဝိုက် ကုန်ကျစရိတ် ပြန်လည်ရရှိမှု မြင့်တက်လာလျှင် အဖွဲ့အစည်းများသည် ဝန်ထမ်းများထံမှ အလှူငွေကောက်ခံခြင်းကိုလည်း လျှင်မြန်စွာ လျှော့ချခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်လိမ့်မည် ဖြစ်သည်။

---

၁၈။ နှစ်စဉ် သွယ်ဝိုက်ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၄၅,၀၀၀ မှ ၂၀၀,၀၀၀ ကြား ရှိသည်။

၁၉။ နှစ်စဉ် သွယ်ဝိုက်ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၆,၀၀၀ မှ ၃၀,၀၀၀ ကြား ရှိသည်။

၂၀။ အခြားအလယ်အလတ်အရွယ် အရပ်ဘက်အဖွဲ့အစည်းများတွင် အတိုးနှုန်းမရသော ဒေါ်လာဘဏ်စာရင်းများကို အတိုးနှုန်းရသည့် မြန်မာကျပ်ငွေဘဏ်စာရင်းများထက် ပိုမိုနှစ်ခြိုက်ကြသည်။ ဥပမာတစ်ခုတွင် ငွေကြေးအထောက် အပံ့ပေးသူဘက်မှ အရပ်ဘက်အဖွဲ့အစည်းများကို သူတို့ပေးထားသော ရန်ပုံငွေပေါ်တွင် အတိုးနှုန်းယူခြင်းကို ခွင့်ပြုထားခြင်းမရှိပေ။

- အလယ်အလတ်နှင့် အရပ်ဘက်အဖွဲ့အစည်းကြီးများသည် သွယ်ဝိုက်ကုန်ကျစရိတ်များကို ပုံမှန် အထွေထွေအသုံးစရိတ်များဖြစ်သည့် (ရုံးခန်းငှားခ၊ မီတာခ၊ သယ်ယူပို့ဆောင်ရေးအခ အစရှိသည်တို့) အတွက်သုံးစွဲရန် လျာထားလေ့ရှိသည်။
- အရပ်ဘက်အဖွဲ့အစည်းကြီးများအတွက် အဆောက်အဦရန်ပုံငွေ ရသည်နှင့် ထိုနေရာသို့ ပြောင်းရွှေ့မည့် ရက်သည်လည်း သတ်မှတ်ပြီးဖြစ်သည်။ ထိုအဖွဲ့များအတွက် အကန့်အသတ်မရှိသော ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ထောင်နား ကပ်လာသည်နှင့် ဦးစားပေး လုပ်ဆောင်သည်များမှာ - အဖွဲ့အစည်းအတွက် စီမံကိန်းရေးဆွဲခြင်းနှင့် အဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်ရေး (Organisational Development, OD) လုပ်ဆောင်ခြင်း၊ သုတေသနနှင့် ဆက်သွယ်ရေးပိုင်းဆိုင်ရာ စွမ်းရည်များအား ပျိုးထောင်ခြင်း၊ စီမံကိန်းအကြိုဘဏ္ဍာငွေ ရေးဆွဲခြင်းနှင့် စီမံကိန်းဆိုင်ရာ သုတေ သနများလုပ်ဆောင်ခြင်း[၂၁]၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုများအား တိုးတက်အောင်လုပ်ခြင်း အစရှိသည်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လေ့ရှိသည်။
- စီမံခန့်ခွဲရေးဖွံ့ဖြိုးတိုးတက်မှုသည် စီမံကိန်းအခြေစိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ရုံဖြင့်မလုံလောက်သဖြင့် ငွေကြေး အထောက်အပံ့ပေးသူများမှ အဓိကလိုအပ်ချက်အဖြစ် သတ်မှတ်လေ့ရှိသော အရာဖြစ်သည်။ အရပ်ဘက်အဖွဲ့စည်းကြီးများသည် ဘဏ္ဍာရေးသုံးစွဲမှုနှင့်ပတ်သက်သော စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ စွမ်းရည်၊ မဟာဗျူဟာ ရေးဆွဲခြင်းနှင့် စီမံကိန်း စီမံခန့်ခွဲရေး ကိစ္စရပ်များထက် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့် ပေါ်လစီပိုင်း ဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည် (ဆုံးဖြတ်ချက်ချမှတ်သည့် ပေါ်လစီများ ရေးဆွဲခြင်းနှင့် ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည်) တို့အပေါ်တွင်သာ ငွေကြေး အကုန် အကျခံကြသည်။
- သွယ်ဝိုက်ကုန်ကျစရိတ်များကြောင့် ဝင်ငွေတိုးလာသည်နှင့်အမျှ အဖွဲ့အစည်း၏ အမှန်တကယ် စီမံကိန်းအသုံးစရိတ်များ/ အဖွဲ့အစည်း အသုံးစရိတ်များအား ကိန်းဂဏန်းများဖြင့် အတိအကျပြနိုင်ရန် အဖွဲ့အတွင်း တောင်းဆိုလာမှုများရှိလာသည်။ ထို့ပြင် အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများ၊ ပင်မငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ပေါ်လစီများ ရေးဆွဲရန်အတွက်လည်း အဖွဲ့အတွင်းတွင် တွန်းအားများ များလာကြသည်။
- အရပ်ဘက်အဖွဲ့အစည်းကြီး ၄ ခုသည် သွယ်ဝိုက်ကုန်ကျစရိတ်ကြောင့် တိုးတက်လာသော ၎င်းတို့၏ စွမ်းရည်နယ်ပယ် ၂ ခုကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ကြသည်။ ယင်းတို့မှာ မဟာဗျူဟာရေးဆွဲခြင်း၊ ဘဏ္ဍာငွေတွက်ချက်ခြင်းနှင့် အဖွဲ့အစည်းအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်သည့် ပေါ်လစီများ (ပင်မဝင်ငွေနှင့် ထို့ထက်ကျယ်ပြန့်သောကဏ္ဍများနှင့် ပတ်သက်၍)၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရာတို့တွင် တိုးတက်လာခြင်းတို့ ဖြစ်သည်။
- အရပ်ဘက်အဖွဲ့အစည်းကြီး ၂ ခုမှလည်း ၎င်းတို့၏ အကန့်အသတ်မရှိသောဝင်ငွေကြောင့် (ထိုဝင်ငွေ၏ ၉၅% မှာ သွယ်ဝိုက်ကုန်ကျစရိတ်မှ ရရှိခြင်းဖြစ်သည်) ၎င်းတို့၏ "စွမ်းဆောင်ရည်" သို့မဟုတ် "မိမိတို့ ယုံကြည်သည့်အရာအတွက် ရဲဝံ့စွာရပ်တည်နိုင်ခြင်း" တို့ကို လုပ်လာနိုင်ကြောင်း ပြောပြကြသည်။ အရပ်ဘက်အဖွဲ့အစည်း နောက် ၂ ခုမှလည်း သွယ်ဝိုက်ကုန်ကျစရိတ်၏ အကျိုးကျေးဇူးကြောင့် သုတေသနပြုလုပ်ခြင်းစွမ်းရည်နှင့် မူဝါဒ များပြောင်းလဲစေရန် ဆွေးနွေးလှုံ့ဆော်သည့် စွမ်းဆောင်ရည်အထိ တိုးတက်လာမှုတို့ကို ထောက်ပြထားသည်။
- အလယ်အလတ်သာရှိသော အရပ်ဘက်အဖွဲ့အစည်းများကမူ သွယ်ဝိုက်ကုန်ကျစရိတ်၏ ရလာဒ်ဖြစ်သော စွမ်းဆောင်ရည် တိုးမြင့်လာမှုဟူသည့် မေးခွန်းအပေါ် ထူးခြားစွာနှုတ်ဆိတ် နေခဲ့ကြသည်။
- အရပ်ဘက်အဖွဲ့အစည်းကြီး ၄ ခုမှ ၎င်းတို့မှ ငွေကြေးအထောက်အပံ့ပေးထားသူများ(ပုံမှန် အားဖြင့် လူထုအခြေပြုအဖွဲ့များ) အနေဖြင့်လည်း သူတို့ကိုယ်ပိုင် သွယ်ဝိုက်ကုန်ကျစရိတ် များရရှိလာစေရန် ဆောင်ရွက်ရခြင်းသည်မှာလည်း အမှန်တကယ် တွေ့ကြုံနေရသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းကို ဖွင့်ဟဝန်ခံသွားကြသည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ၎င်းတို့၏ သွယ်ဝိုက် ကုန်ကျစရိတ်များနှင့် ပင်မရန်ပုံငွေအကြောင်းအား ဆွေးနွေးနိုင်သည့် အခွင့်အရေးကို တန်ဖိုးထားတတ်ကြသည်။ ဆန့်ကျင်ဘက်အားဖြင့် အလှူရှင်/ငွေကြေးအထောက်အပံ့ပေး သူများဘက်မှမူ ထိုကဲ့သို့သော ဆွေးနွေးမှုများအပေါ် အရပ်ဘက်အဖွဲ့အစည်းများဖက်မှ လိုလိုလားလားမရှိဘဲ (တင်းခံနေလိမ့်မည်) ဟု ယေဘုယျအားဖြင့် ကြိုတင်မျှော်မှန်းထား သည်ကို တွေ့ရသည်။ ဤဆွေးနွေးမှု အကြောင်းအရာသည် အရပ်ဘက်အဖွဲ့အစည်းများ နှင့် မိတ်ဖက်ပြုခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများအား ဖေးမပျိုးထောင်ခြင်းတို့အား ဆောင်ရွက်ရာတွင် အကျိုးရှိသော်လည်း အမြဲတစေ လျစ်လျူရှုခံထားရသော ခေါင်းစဉ်တစ်ခုပင် ဖြစ်ပေတော့သည်။

[၂၁] စီမံကိန်းမစမီ အချက်အလက်ကောက်ခံမှု၊ ပကတိအခြေအနေအား ကွင်းဆင်းလေ့လာခြင်း၊ ပြည်သူလူထုနှင့် အကြံပြုဆွေးနွေးခြင်း၊ လုပ်ငန်းများ စတင်ခြင်း

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ က - သွယ်ဝိုက်ကုန်ကျစရိတ်အပေါ် ရှင်းလင်းချက်

အရပ်ဘက်အဖွဲ့အစည်းများရှုထောင့်မှ ကြည့်ပါက နိုင်ငံတကာ ငွေကြေး ထောက်ပံ့မှုကို ရရှိရန် လုပ်ထုံးလုပ်နည်းလမ်းစဉ်သည် ပိုမိုရှုတ်ထွေးလာသည်။ ဤစာအုပ်တွင် ငွေကြေးအထောက် အပံ့ပေးသူနှင့် ငွေကြေးအထောက်အပံ့ရရှိသူဟူသော အသုံးအနှုန်းများကို တိုက်ရိုက်စာချုပ် ချုပ်ဆို၍လုပ်ကိုင်သော မိတ်ဖက်အဖွဲ့အစည်းများကို ရည်ညွှန်းရာတွင် အသုံးပြုသည်။

သွယ်ဝိုက်ကုန်ကျစရိတ်များအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး ရှိသည်။

- စီမံကိန်းထောက်ပံ့ငွေမှ ကျခံခြင်းမရှိသော စီမံကိန်းအသုံးစရိတ်
- စီမံကိန်းကာလအတွင်း စီမံကိန်းထောက်ပံ့ငွေမှ ကျခံခြင်းမရှိသော အဖွဲ့အစည်း၏ အသုံးစရိတ်
- စီမံကိန်းထောက်ပံ့ငွေ သို့မဟုတ် အခြားဝင်ငွေများမှ ကျခံခြင်းမရှိသော အဖွဲ့အစည်း၏ ရည်မှန်းချက်၊ ပန်းတိုင်သို့ သွားနိုင်ရန် စီမံချက် အသုံးစရိတ် သို့မဟုတ် အဖွဲ့အစည်း အသုံးစရိတ်

မြန်မာနိုင်ငံတွင် တတိယအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးများသည်။ ဤကုန်ကျ စရိတ်ကို ကျခံခြင်းသည် စီမံကိန်းအတွက်သာ၊ သို့မဟုတ် စီမံကိန်းကာလအတွင်းသာ အသုံးပြုရမည်ဟု ကန့်သတ်ထားခြင်းမရှိပါ။ ထို့ကြောင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွယ်ဝိုက် ကုန်ကျစရိတ်များကို "စီမံကိန်းနှင့်မသက်ဆိုင်သော ရန်ပုံငွေ" ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လက်ခံရရှိကာ စီမံနေကြသည်။

LIFT ၏ သွယ်ဝိုက်ကုန်ကျစရိတ် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အရပ်ဘက်အဖွဲ့အစည်းများနားလည် ထားပုံနှင့် အလွန်ကိုက်ညီနေသည်ကို တွေ့ရသည်။

> "အောက်ပါအသုံးစရိတ်များကို သွယ်ဝိုက်စရိတ်အမျိုးအစား အဖြစ် သတ်မှတ်ပါသည်။ ဝန်ဆောင်စရိတ်များ၊ ပြေစာမလိုအပ်သောစရိတ်များ၊ တိုက်ရိုက် စရိတ်များ၏ရာခိုင်နှုန်းဖြင့် တွက်ချက်ပေးရသော စရိတ်များ"
>
> *LIFT လုပ်ငန်းလမ်းညွှန် - အပိုဒ် ၃.၄*

သွယ်ဝိုက်ကုန်ကျစရိတ်များကို ငွေကြေးထောက်ပံ့သူများမှ ကန့်သတ်ထားခြင်း မရှိသော်လည်း၊ ထိုစရိတ်များတွင် အခြားသော အကန့်အသတ်များ ရှိဆဲဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ ရန်ပုံငွေများအားလုံးအား မည်သို့အသုံးပြုရန် ကိုယ်ပိုင်ရည်မှန်းချက်နှင့် စံတန်ဖိုးထားမှုများ ထားရှိတတ်ကြသည်။ တရားဥပဒေနှင့် ဥပဒေအရ မိတ်ဖက်ပြုထားသော အဖွဲ့အစည်း အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများအား အဖွဲ့အစည်းနှင့် သက်ဆိုင်သောသုံးစွဲမှုများကိုသာ သုံးစွဲရန် ကန့်သတ်ထားလိုသည်။ အကန့်အသတ်မရှိသော ရန်ပုံငွေသည် အဖွဲ့အစည်း၏ စာရင်းစစ်မှု အပေါ်တွင်သာ မူတည်ပြီး စီမံကိန်းစာရင်းစစ်မှုနှင့် မသက်ဆိုင်ပေ။

သွယ်ဝိုက်ကုန်ကျစရိတ်များမှာ အလှူရှင်များထံမှ ပြန်လည်တောင်းယူရခြင်း ဖြစ်သည်။ ထောက်ပံ့ခြင်း၊ ချီးမြှင့်ခံရခြင်းမဟုတ်။ ဤသည်မှာ ထိုစရိတ်များသည် အဖွဲ့အစည်း၏ အလည် အလတ်သက်တမ်းရှိ ရည်မှန်းချက်များကို အသေးစား အကောင်အထည်ဖော်ရန် အတွက် အဖွဲ့မှ ရရှိသည့် အမှန်တကယ် အသုံးစရိတ်များဖြစ်သည်ဟု ဆိုလိုသည်။

အမြဲဆိုသလိုပင်၊ ငွေကြေးထောက်ပံ့သူများသည် သွယ်ဝိုက်ကုန်ကျစရိတ်များကို စီမံကိန်းဘတ် ဂျက်ပေါ်တွင် မဟုတ်ဘဲ စီမံကိန်း အသုံးစရိတ်ပေါ်တွင်သာ အခြေခံ၍တွက်ချက်တတ်ကြသည်။ အရပ်ဘက်အဖွဲ့အစည်းအများစုသည် ဤအသုံးစရိတ်များကို ရန်ပုံငွေ နောက်ဆုံးအရစ်မရမီ အထိ[၂၂] အလှူရှင်ထံမှ ပြန်လည်ရရှိခြင်းမျိုး မရှိပါ။ ပြန်လည်ရရှိသည့်တိုင် အချို့အဖွဲ့များသည် နောက်ဆုံး

၂၂။ အချို့ကိစ္စရပ်များတွင် စီမံကိန်းပြီးဆုံးချိန်အထိ မရတတ်ပါ။

ဘဏ္ဍာငွေစာရင်းအစီရင်ခံစာကို လက်မှတ်မထိုးမခြင်း ထိုအသုံးစရိတ်များကို စီမံသုံးစွဲရန် မငံ့မရဲဖြစ်နေတတ်ကြသည်။ အခြားဝင်ငွေမရှိသည့်အချိန်များတွင် အကန့်အသတ်မရှိသည့် ရန်ပုံငွေများအား ကြိုတင်စီမံဆောင်ရွက်ချက်ခြင်း၊ သုံးစွဲခြင်းများကို ထိုအခြေအနေများက ကန့်သတ် ဘောင်ခတ်ထားသည်။

သွယ်ဝိုက်ကုန်ကျစရိတ်များသည် အထွေထွေအသုံးစရိတ်များ သို့မဟုတ် စီမံခန့်ခွဲရေးအသုံး စရိတ်များနှင့် မတူပါ။ အချို့အသုံးစရိတ်များသည် အထွေထွေလုပ်ငန်း လည်ပတ်မှုကုန်ကျစရိတ်များ ဖြစ်သော်လည်း၊ မြန်မာအရပ်ဘက်အဖွဲ့အစည်း အများအပြားသည် အဖွဲ့အစည်း ဖွံ့ဖြိုးတိုး တက်မှု၊ မဟာဗျူဟာနှင့် စီမံချက်ရေးဆွဲခြင်း၊ သက်ဆိုင်ရာရပ်ရွာလူထုများနှင့် ဆွေးနွေးအကြံဉာဏ် တောင်းခံခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ၎င်းတို့၏ခေါင်းဆောင်များ အရည်အသွေးပြည့်ဝစေရန် ဆောင်ရွက်ခြင်း၊ အခြားအရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ၎င်းတို့၏ အရန်ဘဏ္ဍာငွေတည်ဆောက်ခြင်း လုပ်ငန်းများအစရှိသည်တို့အပေါ် တွင် အလေးထား အသုံးပြုကြသည်။

မြန်မာအရပ်ဘက်အဖွဲ့အစည်းအများစုသည် ဤအလေးပေးကိစ္စရပ်များကို လုပ်ဆောင်ရာတွင် ပင်မကုန်ကျစရိတ်ဟူသော အယူအဆအောက်တွင် အသုံးပြုလုပ်ဆောင်ကြသည်။ ပင်မကုန်ကျစရိတ်ပေါ် လစီသည် အဖွဲ့အတွင်း စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း စနစ်များကို ပူးတွဲလုပ်ဆောင်နေသော အရပ်ဘက်အဖွဲ့အစည်းများအတွက် မဖြစ်မနေလိုအပ်သည်။ ထိုပေါ် လစီရှိခြင်းကြောင့် စီမံကိန်း စာချုပ်ချုပ်ဆိုခြင်း နှင့် စာချုပ်ပါအချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ် ပြောဆိုစီမံဆွေးနွေးရာတို့တွင် တက်ကြွစွာပါဝင်ဆွေးနွေးနိုင်သည့် စွမ်းရည်ကိုတိုးမြင့် စေပါသည်။

မြန်မာနိုင်ငံတွင် အနည်းငယ်သော အရပ်ဘက်အဖွဲ့အစည်းအချို့သာ နိုင်ငံခြား အစိုးရတစ်ခုမှ ပေးအပ်သော အလှူရှင်အဖွဲ့အစည်း (သို့မဟုတ်) နိုင်ငံပေါင်းစုံ အစိုးရများမှပေးအပ်သော အလှူငွေအား စီမံသည့် အလှူရှင်အဖွဲ့အစည်းများနှင့် စာချုပ်များ ချုပ်ဆိုလုပ်ကိုင်ကြသည်။ အရပ်ဘက် အဖွဲ့အစည်းများ၏ စာချုပ်အများစုသည် (နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ဘဏ္ဍာငွေစီမံဆောင်ရွက်သည့်အဖွဲ့များ၊ ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ) စသည့် ကြားခံဆောင်ရွက်သူများဖြင့်သာ လက်မှတ်ရေးထိုးကြရသည်။ ကြားခံအဖွဲ့များသည် အလှူရှင်များထံမှ သွယ်ဝိုက်ကုန်ကျစရိတ်ကို အမြဲလိုလို ရရှိသော်လည်း၊ ၎င်းတို့ထဲမှ ကြားခံအဖွဲ့အစည်းအချို့သာ ယင်းပြဌာန်းချက်ကို အရပ်ဘက်အဖွဲ့အစည်းများနှင့် ချုပ်ဆိုသော စာချုပ်တွင် ထည့်သွင်း ချုပ်ဆို လေ့ရှိကြသည်။

ယခုနှစ်များအတွင်း ကြားခံအဖွဲ့အစည်းများထက် ငွေကြေးထောက်ပံ့ပေးသည့် တိုက်ရိုက် အလှူရှင်များကသာ အရပ်ဘက်အဖွဲ့အစည်းများအား သွယ်ဝိုက်ကုန်ကျစရိတ်ကို ဝေမျှပေးရန် ဦးဆောင် တိုက်တွန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဝေမျှပေးရန်အတွက် ကြားခံအဖွဲ့များအား အရပ်ဘက်အဖွဲ့အစည်းများနှင့် စာချုပ်ချုပ်ဆိုရာတွင် သွယ်ဝိုက်ကုန်ကျစရိတ်များအား ထည့်သွင်းပေးရန် သတ်မှတ်ချက်တစ်ခုအဖြစ် တိုက်တွန်းခဲ့သည်။ ထိုသို့ ကြားခံအဖွဲ့အစည်းများ၏ "အကန့်အသတ်မရှိသော ဝင်ငွေများ"ကို "ကန့်သတ်သည့်" အလှူရှင်များ၏ တိုက်တွန်းချက် အကျိုးဆက် ကိုမူကား ဆန်းစစ်ရန် လိုအပ်နေပေသေးသည်။

# နောက်ဆက်တွဲ ၁

| | | | | | |
|---|---|---|---|---|---|
| | | သွယ်ဝိုက်ကုန်ကျစရိတ် စီမံသုံးစွဲမှု - ပေါ်လစီ/ နိုင်ငံတွင်း ငွေကြေးထောက်ပံ့မှု[၂၃] အသုံးပြုပုံ | | | |
| အလှူရှင် | | | | | |
| | | အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့များကို ဤဇယားကွက်အား ဝေမျှကာ ဖြေဆိုပေးရန် တောင်းဆိုပါသည်။ | | | |
| ငွေကြေး အထောက်အပံ့ပေးသူများ | | | | | |
| | အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုက်ရိုက် စာချုပ်ချုပ် လုပ်ကိုင်ရာတွင် သွယ်ဝိုက်ကုန်ကျစရိတ် ပေးရန်ခွင့်ပြုသော ပေါ်လစီ ICR[၂၄]ရှိပါသလား။ | ရှိလျှင် သွယ်ဝိုက် ကုန်ကျစရိတ် ပေးမှု နှုန်းထားမှာ အဘယ်နည်း။ | သင့်အဖွဲ့အစည်းမှ ဤနှုန်းထားကို မည်သူက သတ်မှတ်ထားသနည်း။ (သင့်အဖွဲ့အစည်းကိုယ်တိုင်၊ သို့မဟုတ် သင့်အလှူရှင် သို့မဟုတ် ထိုအလှူရှင်နောက် မှ အလှူရှင်ကြီးများက) | သင်၏ မိတ်ဖက် အရပ်ဘက် အဖွဲ့အစည်းများမှ အခြား အရပ်ဘက်အဖွဲ့ အစည်းများ နှင့် မိတ်ဖက်စာချုပ်ကို တဆင့်ခံချုပ်ဆိုလျှင် ယင်းအဖွဲ့အား သွယ်ဝိုက် ကုန်ကျစရိတ်ကို ပေးရသည့် ပေါ်လစီ သင့်အဖွဲ့အစည်းတွင် ရှိပါသလား။ | သွယ်ဝိုက် ကုန်ကျစရိတ်ကို ငွေကြေး ထောက်ပံ့သည့် စီမံကိန်းအချိန် အတိုင်းအတာ အတွင်းတွင်သာ သုံးခွင့်ရှိပါသလား[၂၅]။ |
| 3MDG | ရှိပါတယ်။ | ၆% | အလှူရှင်က ခွင့်ပြုထားသဖြင့် ပေးထားခြင်း ဖြစ်သည်။ | ရှိပါတယ်။ ၆% | 3MDG စာရင်းစစ်သည် မိတ်ဖက် အဖွဲ့အစည်းများ၏ သွယ်ဝိုက် ကုန်ကျစရိတ်ကို စာရင်းမစစ်ပါ။ ထို့ကြောင့် သွယ်ဝိုက် ကုန်ကျစရိတ် အသုံးပြုမှုအတွက် အချိန်အတိုင်းအတာ သတ်မှတ်ထားခြင်း မရှိပါ။ |
| Global Fund | ရှိပါတယ်။ | ၀% | အလှူရှင်များ | မရှိပါ။ | ဖြေထားခြင်းမရှိပါ။ |
| HARP *To be confirmed* | ရှိပါတယ်။ | ၇% | အလှူရှင်က ခွင့်ပြုထားသဖြင့် ပေးထားခြင်း ဖြစ်သည်။ | ရှိပါတယ်။ ၇% | မရှိပါ။ |
| LIFT | ရှိပါတယ်။ | ၆% | အလှူရှင်က ခွင့်ပြုထားသဖြင့် ပေးထားခြင်း ဖြစ်သည်။ | ရှိပါတယ်။ ၆% | မရှိပါ။ |

၂၃ ဤဇယားကို စက်တင်ဘာလ၊ ၂၀၁၇ခုနှစ်က PIN ၏ "မြန်မာနိုင်ငံတိုင်းနယ်၊ ပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးစာစောင်မှ" ပြန်လည် ရိုက်နှိပ် ထားသည်။
၂၄ သွယ်ဝိုက်ကုန်ကျစရိတ် ပြန်လည်ကျခံမှု
၂၅ ဤမေးခွန်းသည် သွယ်ဝိုက်ကုန်ကျစရိတ်၏ အသုံးစရိတ်သည် စီမံကိန်းဘဏ္ဍာငွေနှင့် ဆက်စပ်သလားဟူသော မေးခွန်းနှင့် အလားတူမေးခွန်းဖြစ်သည်။

# နောက်ဆက်တွဲ ခ

| | | | | | |
|---|---|---|---|---|---|
| | သွယ်ဝိုက်ကုန်ကျစရိတ် စီမံသုံးစွဲမှု - ပေါ်လစီ/ နိုင်ငံတွင်း ငွေကြေးထောက်ပံ့မှု[၂၃] အသုံးပြုပုံ | | | | |
| အလှူရှင် | | | | | |
| | အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့များကို ဤဇယားကွက်အား ဝေမျှကာ ဖြေဆိုပေးရန် တောင်းဆိုပါသည်။ | | | | |
| ငွေကြေး အထောက်အပံ့ပေးသူများ | | | | | |
| | အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုက်ရိုက် စာချုပ်ချုပ် လုပ်ကိုင်ရာတွင် သွယ်ဝိုက်ကုန်ကျစရိတ် ပေးရန်ခွင့်ပြုသော ပေါ်လစီ ICR[၂၄]ရှိပါသလား။ | ရှိလျှင် သွယ်ဝိုက် ကုန်ကျစရိတ် ပေးမှု နှုန်းထားမှာ အဘယ်နည်း။ | သင့်အဖွဲ့အစည်းမှ ဤနှုန်းထားကို မည်သူက သတ်မှတ်ထားသနည်း။ (သင့်အဖွဲ့အစည်းကိုယ်တိုင်၊ သို့မဟုတ် သင့်အလှူရှင် သို့မဟုတ် ထိုအလှူရှင်နောက် မှ အလှူရှင်ကြီးများက) | သင်၏ မိတ်ဖက် အရပ်ဘက် အဖွဲ့အစည်းများမှ အခြား အရပ်ဘက်အဖွဲ့ အစည်းများ နှင့် မိတ်ဖက်စာချုပ်ကို တဆင့်ခံချုပ်ဆိုလျှင် ယင်းအဖွဲ့အား သွယ်ဝိုက် ကုန်ကျစရိတ်ကို ပေးရသည့် ပေါ်လစီ သင့်အဖွဲ့အစည်းတွင် ရှိပါသလား။ | သွယ်ဝိုက် ကုန်ကျစရိတ်ကို ငွေကြေး ထောက်ပံ့သည့် စီမံကိန်းအချိန် အတိုင်းအတာ အတွင်းတွင်သာ သုံးခွင့်ရှိပါသလား[၂၅]။ |
| Joint Peace Fund | ရှိပါတယ်။ | ၁သောင်း အောက်ဆိုလျှင် ၅% ၁သောင်း အထက်ဆိုလျှင် ၅.၅ % | ထိုစရိတ်ကို အလှူရှင်ဖြင့် ဆွေးနွေးကာ သတ်မှတ် ပေးထားခြင်း ဖြစ်သည်။ | မရှိပါ။ သွယ်ဝိုက် ကုန်ကျစရိတ် ကျခံမှုအကြောင်း ဆွေးနွေးမှုသည် အဖွဲ့၏ ငွေကြေး ထောက်ပံ့မှု ရထားသူများနှင့် ၎င်းတို့၏ မိတ်ဖက် အဖွဲ့များအကြား ညှိနှိုင်းမှုသာ ဖြစ်သည်။ | မရှိပါ။ တစ်ခုတည်းသော ကန့်သတ်ချက်မှာ ရန်ပုံငွေကို အဖွဲ့အစည်း အတွက်သာ အသုံးပြုရမည်ဟူ၍ ဖြစ်သည်။ |
| British Council | မရှိပါ။ | စီမံကိန်းပုံစံ၊ အလှူရှင်၏ အခြေအနေနှင့် ဖွဲ့စည်းတည် ဆောက်ပုံတို့ အပေါ်တွင် မူတည်သည်။ | အဖွဲ့အစည်းမှ ရေးဆွဲထားခြင်း ဖြစ်သည်။ | မရှိပါ။ | ရှိပါတယ်။ |
| UNDP To be consulted | | | | | |
| UNOCHA To be consulted | | | | | |
| FHI360 | အလှူရှင်များ၏ ပေါ်လစီ ပေါ်မူတည်၍ သွယ်ဝိုက် ကုန်ကျစရိတ်များကို ချီးမြှင့်သည်။ | အလှူရှင် တစ်ယောက်စီ၏ ခွင့်ပြုထားချက်ပေါ် မူတည်၍ နှုန်းထား ကွဲလွဲသည်။ | အလှူရှင်များ | ဖြေဆိုထားခြင်းမရှိပါ။ | ရှိပါတယ်။ |
| NPA | ပေါ်လစီအပေါ် မူမတည်ဘဲ အခြေအနေအပေါ် လက်တွေ့ကျကျ ကြည့်ရှု ဆုံးဖြတ်သည်။ | အချို့သော အရပ်ဘက် အဖွဲ့အစည်း၊ မိတ်ဖက်များ အတွက် အုပ်ချုပ်မှု၊ စီမံမှုစရိတ်အတွက် ၇ % | အဖွဲ့အစည်းမှ ရေးဆွဲထားခြင်း ဖြစ်သည်။ | မရှိပါ။ | ရှိပါတယ်။ အုပ်ချုပ်၊ စီမံမှုစရိတ်များကို ငွေကြေးထောက်ပံ့မှု စရိတ်ထဲတွင် ကြိုတင် ထည့်သွင်း၊ ပေးထား နိုင်ပါတယ်။ |

# နောက်ဆက်တွဲ ခ

| | | | | | |
|---|---|---|---|---|---|
| | သွယ်ဝိုက်ကုန်ကျစရိတ် စီမံသုံးစွဲမှု - ပေါ်လစီ/ နိုင်ငံတွင်း ငွေကြေးထောက်ပံ့မှု[၂၃] အသုံးပြုပုံ | | | | |
| အလှူရှင် | | | | | |
| | အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့များကို ဤဇယားကွက်အား ဝေမျှကာ ဖြေဆိုပေးရန် တောင်းဆိုပါသည်။ | | | | |
| ငွေကြေး အထောက်အပံ့ပေးသူများ | | | | | |
| | အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုက်ရိုက် စာချုပ်ချုပ် လုပ်ကိုင်ရာတွင် သွယ်ဝိုက်ကုန်ကျစရိတ် ပေးရန်ခွင့်ပြုသော ပေါ်လစီ ICR[၂၄]ရှိပါသလား။ | ရှိလျှင် သွယ်ဝိုက် ကုန်ကျစရိတ် ပေးမှု နှုန်းထားမှာ အဘယ်နည်း။ | သင့်အဖွဲ့အစည်းမှ ဤနှုန်းထားကို မည်သူက သတ်မှတ်ထားသနည်း။ (သင့်အဖွဲ့အစည်းကိုယ်တိုင်၊ သို့မဟုတ် သင့်အလှူရှင် သို့မဟုတ် ထိုအလှူရှင်နောက် မှ အလှူရှင်ကြီးများက) | သင်၏ မိတ်ဖက် အရပ်ဘက် အဖွဲ့အစည်းများမှ အခြား အရပ်ဘက်အဖွဲ့ အစည်းများ နှင့် မိတ်ဖက်စာချုပ်ကို တဆင့်ခံချုပ်ဆိုလျှင် ယင်းအဖွဲ့အား သွယ်ဝိုက် ကုန်ကျစရိတ်ကို ပေးရသည့် ပေါ်လစီ သင့်အဖွဲ့အစည်းတွင် ရှိပါသလား။ | သွယ်ဝိုက် ကုန်ကျစရိတ်ကို ငွေကြေး ထောက်ပံ့သည့် စီမံကိန်းအချိန် အတိုင်းအတာ အတွင်းတွင်သာ သုံးခွင့်ရှိပါသလား။[၂၅] |
| Oxfam | က) နိုင်ငံအတွင်းတွင် သွယ်ဝိုက် ကုန်ကျစရိတ်ကို ရရှိပါက မိတ်ဖက် အဖွဲ့အစည်းများကို ခွဲဝေပေးသည်။<br>ခ) နိုင်ငံအတွင်း သွယ်ဝိုက် ကုန်ကျစရိတ်ကို မရလျှင် အခြားနေရာများမှ ရရှိအောင် ဖန်တီးပေးသည်။ | အလှူရှင်စာချုပ် တစ်ခုစီအရ။ ၅ % | အလှူရှင်က ခွင့်ပြုထားသဖြင့် ပေးထားခြင်း ဖြစ်သည်။ | မရှိပါ။ | မရှိပါ။ |
| PIN | မရှိပါ။ | ဖြေဆိုထားခြင်း မရှိပါ။ | အဖွဲ့အစည်းမှ ရေးဆွဲထားခြင်း ဖြစ်သည်။ | ဖြေဆိုထားခြင်း မရှိပါ။ | ဖြေဆိုထားခြင်း မရှိပါ။ |
| Paung Ku | “စီမံမှုစရိတ်”ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင် ပါက၊ အရပ်ဖက်အဖွဲ့အ စည်းတွင် ရှင်းလင်း၊ တိကျ သည့် ပင်မကုန်ကျစရိတ် ပေါ်လစီ ရှိကြောင်း ပြသ နိုင်ပါက % တစ်ခု ကျခံပေး ပါသည်။ | မရှိပါ။ | အဖွဲ့အစည်းမှ ရေးဆွဲထားခြင်း ဖြစ်သည်။ | ဖြေဆိုထားခြင်းမရှိပါ။ | ရှိပါသည်။ |
| SWISSAID | မရှိပါ။ သွယ်ဝိုက်ကုန်ကျ စရိတ်ကို မိတ်ဖက် ကျင်းပ သည့် ဆွေးနွေးပွဲများ၊ သင်တန်းများ အစရှိသည် တို့တွင်သာ ကျခံပါသည်။ | ဖြေဆိုထားခြင်း မရှိပါ။ | အဖွဲ့အစည်းမှ ရေးဆွဲထားခြင်း ဖြစ်သည်။ သွယ်ဝိုက်ကုန်ကျစရိတ် များကို ငွေကြေး ထောက်ပံ့မှုတွင် ထည့်သွင်းရန် အလှူရှင်များက ပေါ်လစီသတ်မှတ်ထားပါက ထို ပေါ်လစီအတိုင်း လိုက်နာပါသည်။ | မရှိပါ။ | မရှိပါ။ အလှူရှင်တစ်ဦးချင်း စီ၏ ပေါ်လစီအတိုင်းသာ |

# နောက်ဆက်တွဲ ခ

| | | | | | |
|---|---|---|---|---|---|
| | | သွယ်ဝိုက်ကုန်ကျစရိတ် စီမံသုံးစွဲမှု - ပေါ်လစီ/ နိုင်ငံတွင်း ငွေကြေးထောက်ပံ့မှု[၂၃] အသုံးပြုပုံ | | | |
| အလှူရှင် | | | | | |
| | | အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့များကို ဤဇယားကွက်အား ဝေမျှကာ ဖြေဆိုပေးရန် တောင်းဆိုပါသည်။ | | | |
| ငွေကြေး အထောက်အပံ့ပေးသူများ | | | | | |
| | အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုက်ရိုက် စာချုပ်ချုပ် လုပ်ကိုင်ရာတွင် သွယ်ဝိုက်ကုန်ကျစရိတ် ပေးရန်ခွင့်ပြုသော ပေါ်လစီ ICR[၂၄]ရှိပါသလား။ | ရှိလျှင် သွယ်ဝိုက် ကုန်ကျစရိတ် ပေးမှု နှုန်းထားမှာ အဘယ်နည်း။ | သင့်အဖွဲ့အစည်းမှ ဤနှုန်းထားကို မည်သူက သတ်မှတ်ထားသနည်း။ (သင့်အဖွဲ့အစည်းကိုယ်တိုင်၊ သို့မဟုတ် သင့်အလှူရှင် သို့မဟုတ် ထိုအလှူရှင်နောက် မှ အလှူရှင်ကြီးများက) | သင်၏ မိတ်ဖက် အရပ်ဘက် အဖွဲ့အစည်းများမှ အခြား အရပ်ဘက်အဖွဲ့ အစည်းများ နှင့် မိတ်ဖက်စာချုပ်ကို တဆင့်ခံချုပ်ဆိုလျှင် ယင်းအဖွဲ့အား သွယ်ဝိုက် ကုန်ကျစရိတ်ကို ပေးရသည့် ပေါ်လစီ သင့်အဖွဲ့အစည်းတွင် ရှိပါသလား။ | သွယ်ဝိုက် ကုန်ကျစရိတ်ကို ငွေကြေး ထောက်ပံ့သည့် စီမံကိန်းအချိန် အတိုင်းအတာ အတွင်းတွင်သာ သုံးခွင့်ရှိပါသလား[၂၅]။ |
| Christian Aid | အလှူရှင်ပေါ်တွင် မူတည်သည်။ အလှူရှင်များမှ သွယ်ဝိုက်ကုန်ကျ စရိတ်ပေးရန် သတ်မှတ်ထားသော နှုန်းထားအတိုင်း ပုံမှန်အားဖြင့် ပေးလေ့ရှိသည်။ | အလှူရှင်နှင့် စာချုပ်ပေါ်တွင် မူတည်၍ | အလှူရှင် | မရှိပါ။ | မရှိပါ။ |
| Action Aid | မရှိပါ။ | ဖြေဆိုထားခြင်း မရှိပါ၊ | အဖွဲ့အစည်းမှ ရေးဆွဲထားခြင်း ဖြစ်သည်။ | ဖြေဆိုထားခြင်းမရှိပါ။ | ဖြေဆိုထားခြင်းမရှိပါ။ |

# နောက်ဆက်တွဲ ဂ - ဆန်းစစ်လေ့လာချက် ပုံစံ

1. Does your CSO receive indirect costs?
၁။ သင်တို့ အဖွဲ့အစည်းသည် သွယ်ဝိုက်ကုန်ကျစရိတ် (စီမံကိန်းအတွက် တိုက်ရိုက်မဟုတ်သော အသုံးစရိတ်များအတွက် ရန်ပုံငွေ) ရရှိပါသလား။

| Yes ရရှိပါသည်။ | Don’t know မသိပါ။ | No မရရှိပါ။ |
|---|---|---|
| | | |

2. Who from?
၂။ မည်သူ့ဆီက ရရှိပါသလဲ။

| 1 ၁ | 2 ၂ | 3 ၃ | 4 ၄ |
|---|---|---|---|
| | | | |

3. How much total IC’s do you expect in 2018 (funder and %)?
၃။ ၂၀၁၈ ခုနှစ်တွင် စုစုပေါင်း သွယ်ဝိုက်ကုန်ကျစရိတ် မည်မျှ ရရှိမည်နည်း။ (ရန်ပုံငွေပေးသူ နှင့် ရာခိုင်နှုန်း)

| 1 ၁ | 2 ၂ | 3 ၃ | 4 ၄ |
|---|---|---|---|
| | | | |

4. How much ICs did you receive in 2017?
၄။ ၂၀၁၇ တွင် သွယ်ဝိုက်ကုန်ကျစရိတ် မည်မျှ ရရှိခဲ့ပါသလဲ။

| 1 ၁ | 2 ၂ | 3 ၃ | 4 ၄ |
|---|---|---|---|
| | | | |

5. Do you keep these IC’s separate from your project (grant) funding?
၅။ သွယ်ဝိုက်ကုန်ကျစရိတ်ကို စီမံကိန်းအတွက် ထောက်ပံ့ရန်ပုံငွေနှင့် သီးခြား သိမ်းဆည်းပါသလား။

| Together with project funding စီမံကိန်း ရန်ပုံငွေနှင့် အတူ သိမ်းဆည်းပါသည်။ | Separate bank a/c သီးခြား ဘဏ်စာရင်းစာအုပ်ဖြင့် ထားပါသည်။ | Separate cashbook စာရင်း သီးခြား ခွဲထားပါသည်။ | Safe/cash/ cashbox ရုံးတွင် ငွေသားဖြင့် သိမ်းဆည်းပါသည်။ |
|---|---|---|---|
| | | | |

Other CSO income?
အခြား ဝင်ငွေများ

| Training services သင်တန်း ဝန်ဆောင်မှုများ | Product sales ကုန်ပစ္စည်း ရောင်းချခြင်း | Equipment hire ရုံးသုံးပစ္စည်း ငှားရမ်းခြင်း | Rent out room အခန်းနေရာ ငှားရမ်းခြင်း |
|---|---|---|---|
| | | | |

# နောက်ဆက်တွဲ ဂ - ဆန်းစစ်လေ့လာချက် ပုံစံ

6. How does your CSO allocate its indirect costs? Priorities (may be more than one)?

၆။ သင်တို့၏ CSO အဖွဲ့အစည်းသည် သွယ်ဝိုက်ကုန်ကျစရိတ်ကို မည်သို့ စီမံ သုံးစွဲပါသနည်း။

a) Reserve fund (with a target)
က) စုဆောင်းထားငွေ (သတ်မှတ်ပမာဏ ထားရှိပါသည်။)

b) EC costs
ခ) EC အသုံးစရိတ်များ

c) Salaries/honoraria for non-project staff or members
ဂ) စီမံကိန်း ဝန်ထမ်း မဟုတ်သူ ဝန်ထမ်းများ၊ အဖွဲ့ဝင်များအတွက် လစာနှင့် ဂုဏ်ပြုအသုံးစရိတ်များ

d) Building fund
ဃ) အဆောက်အဦအတွက် ကုန်ကျစရိတ်

e) Project plus
င) စီမံကိန်းအတွက် ဖြည့်စွက်သုံးငွေ

f) Donations (govt programmes, etc.)
စ) အလှူငွေ (အစိုးရသို့ စသည်ဖြင့်)

g) Spend on whatever is most urgent (e.g. rent, electricity)
ဆ) မည်သည့် အရေးပေါ် အသုံးစရိတ် အတွက် မဆို(ငှားရမ်းခ၊ လျှပ်စစ်မီတာခ စသည်ဖြင့်)

h) The donor tells us how to spend ICs sometimes.
ဇ) ရန်ပုံငွေပေးသူသည် တစ်ခါတစ်ရံတွင် သွယ်ဝိုက်ကုန်ကျစရိတ်ကို မည်သို့သုံးနိုင်ကြောင်း ပြောပါသည်။

i) Pass share of IC's on to CBO partners.
ဈ) မိတ်ဖက် CBO အဖွဲ့များသို့ ပြန်လည် ဝေမျှပေးခြင်း

j) Haven't decided yet
ည) ယခုထိ မဆုံးဖြတ်ရသေးပါ။

7. How are these spending decisions made?

၇။ အသုံးပြုရန် မည်သို့ဆုံးဖြတ်ကြသနည်း။

| By Director<br>ဒါရိုက်တာမှ ဆုံးဖြတ်သည်။ | According to an annual "core fund" budget.<br>နှစ်စဉ် "core fund" အဖွဲ့အစည်းပိုင် ရန်ပုံငွေဘတ်ဂျတ် အစီအစဉ်အတိုင်း | According to a written "core fund" policy<br>အဖွဲ့အစည်းပိုင် ရန်ပုံငွေမူဝါဒအတိုင်း | By a decision-making group (e.g. EC, stakeholder meeting)<br>ဆုံးဖြတ်ချက်ချမှတ်သော အုပ်စုများမှ ဆုံးဖြတ်သည်။(ဥပမာအားဖြင့်- EC,ရပ်ရွာတွင်း သက်ဆိုင်သူအုပ်စုများ အားလုံးပါဝင်ဆုံးဖြတ်သည်။) |
|---|---|---|---|
| | | | |

# နောက်ဆက်တွဲ ဂ - ဆန်းစစ်လေ့လာချက် ပုံစံ

8. Do you (the fund facilitator) observe any examples of how ICs have resulted in new capacities for this CSO?

၈။(ရန်ပုံငွေကို စေ့စပ်ညှိနှိုင်းပေးသူအနေဖြင့်) သွယ်ဝိုက်ကုန်ကျစရိတ်သည် အရပ်ဘက်အဖွဲ့အစည်းများ၏စွမ်းရည်မြှင့်တင်ရေးကို ဖြစ်ပေါ်စေသော ဥပမာများကိုလေ့လာတွေ့ရှိမိပါသလား။

ICs contributing to strengthened CSO capacities.

အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေးတွင် သွယ်ဝိုက်ကုန်ကျစရိတ်၏ အထောက်အကူပြုပုံ

Management of bridging funds
စီမံကိန်းများ ကြားကာလ ရန်ပုံငွေ စီမံနိုင်စွမ်း

Development of Indirect costs (or core costs) procedures

သွယ်ဝိုက်ကုန်ကျစရိတ် သို့မဟုတ် အဖွဲ့ပိုင်ရန်ပုံငွေဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာခြင်း

Development of indirect costs policy

သွယ်ဝိုက်ကုန်ကျစရိတ် မူဝါဒ ဖြစ်ပေါ်လာခြင်း

Designing project budgets
စီမံကိန်း ရန်ပုံငွေများ ပြင်ဆင် ရေးဆွဲတတ်လာခြင်း

CSO decision-making systems and processes

အရပ်ဘက်အဖွဲ့အစည်း၏ဆုံးဖြတ်ချက်ချမှတ်ခြင်း စနစ်များနှင့် လုပ်ငန်းစဉ်များ တိုးတက်လာခြင်း